Tanintharyi Coalition Resource Watch



မတ်လ၊ ၂၀၂၆ ခုနှစ်

# ကမ်းလွန်သဘာဝဓာတ်ငွေ့ ဝင်ငွေများမှတဆင့် စစ်အစိုးရ၏ ဝင်ငွေလမ်းကြောင်းကို ဖြတ်တောက်ရန်အတွက် အရေးပေါ် အရေးယူဆောင်ရွက်ချက်များ လိုအပ်ခြင်း

## တနင်္သာရီ ကမ်းလွန်သဘာဝဓာတ်ငွေ့ကဏ္ဍ–

ပဋိပက္ခများအပေါ် ငွေကြေးထောက်ပံ့နေမှု၊ တနင်္သာရီ ရပ်ရွာများကိုထိခိုက်စေမှုများ

# အကျဉ်းချုပ်ဖော်ပြချက်

မြန်မာ့ကမ်းလွန် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍသည် နိုင်ငံ့စီးပွားရေးနှင့် စစ်အုပ်ချုပ်ရေးအတွက် အဓိကကျသောထောက်တိုင်အဖြစ် ဆယ်စုနှစ်သုံးစုကျော် ရပ်တည်ခဲ့ပြီးဖြစ်ပါသည်။ ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း မှစ၍ အကြီးစားကမ်းလွန်ပင်လယ် သဘာဝဓာတ်ငွေ့စီမံကိန်းများဖြစ်သည့် ရတနာ၊ ရဲတံခွန် နှင့် ဇောတိက လုပ်ငန်းများကို အက်ဒမန်ပင်လယ်အတွင်းလုပ်ကိုင်ခဲ့ကြပြီး၊ ထိုင်းနိုင်ငံသို့ အဓိကတင်ပို့ခြင်းအားဖြင့် နိုင်ငံခြားငွေအမြောက်အများကိုရှာဖွေပေးခဲ့ပြီးဖြစ်ပါသည်။ အဆိုပါစီမံကိန်းများအား နိုင်ငံတကာရေနံကုမ္ပဏီကြီးများနှင့် စစ်တပ်၏တိုက်ရိုက်ထိန်းချုပ်မှုအောက်တွင်ရှိသော နိုင်ငံပိုင်မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (Myanmar Oil and Gas Enterprise (MOGE)) အကြားအကျိုးတူခံစားခွင့်စာချုပ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါသည်။

ကမ်းလွန်သဘာဝဓာတ်ငွေ့ဝင်ငွေများသည် မြန်မာစစ်ခေါင်းဆောင်များအတွက် တည်ငြိမ်ပြီး ပွင့်လင်းမြင်သာမှု မရှိသည့်ဝင်ငွေလမ်းကြောင်းကိုဖော်ဆောင်ပေးထားသည့်အပြင်၊ ၎င်းတို့အနေဖြင့် အခွန်အခအပေါ် အမှီအခိုလျော့ကျစေပြီး၊ ပြည်တွင်းတာဝန်ယူမှုတာဝန်ခံမှုကိုလျော့နည်းစေပါသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ စစ်အာဏာသိမ်းပြီးနောက်တွင်၊ အဆိုပါ ဝင်ငွေရလမ်းများအပေါ်ထိန်းချုပ်ခြင်းအားဖြင့် စစ်ခေါင်းဆောင်များ၏အာဏာကို ပိုမိုခိုင်မာစေခဲ့ပါသည်။ မြန်မာနိုင်ငံတွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (Myanmar Extractive Industries Transparency Initiative (MEITI)) အပါအဝင် ပွင့်လင်းမြင်သာမှုဆိုင်ရာလုပ်ငန်းစဉ်များ ရပ်ဆိုင်းသွားခြင်းကြောင့် ငွေကြေးဆိုင်ရာပွင့်လင်းမြင်သာမှု ပိုမိုနည်းပါးလာခဲ့သည်။ အခြားသော စီးပွားရေးကဏ္ဍများကျဆင်းနေသော်လည်း၊ ကမ်းလွန်သဘာဝဓာတ်ငွေ့တင်ပို့မှုလုပ်ငန်းမှာ အနှောင့်အယှက်ကင်းစွာဖြင့်ဆက်လက်လည်ပတ်လျှက်ရှိကာ၊ ခန့်မှန်းခြေအားဖြင့် လွန်ခဲ့သောနှစ်များအတွင်း နှစ်စဉ်အမေရိကန်ဒေါ်လာ ၃-၄ ဘီလီယံအထိရရှိနေပါသည်။ လူ့အခွင့်အရေးအဖွဲ့များ၏ ခန့်မှန်းချက်အရ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်သော နိုင်ငံခြားငွေကြေးများသည် သဘာဝဓာတ်ငွေ့နှင့်ဆက်စပ်သောဝင်ငွေများမှတဆင့် စစ်တပ်ကို တိုက်ရိုက်အထောက်အကူပေးလျှက်ရှိပါသည်။

သမိုင်းကြောင်းအရကြည့်ပါက၊ ကမ်းလွန်သဘာဝဓာတ်ငွေ့မှ ရရှိသောဝင်ငွေများသည် စစ်တပ်ထိန်းချုပ်ထားသော ကျယ်ပြန့်သည့်စီးပွားရေးအမြတ်ထုတ်မှုစနစ်များအတွင်း ကိန်းဝပ်တည်ရှိနေခဲ့ပါသည်။ ၁၉၈၈ ခုနှစ်၊ စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း၊ စစ်တပ်မှ နိုင်ငံခြားငွေလဲလှယ်နှုန်းမူဝါဒများကို စတင်ကျင့်သုံးခဲ့သည်။ အဆိုပါမူဝါဒများမှာ ငွေကြေးနှစ်မျိုးသုံးစနစ်နှင့် နိုင်ငံတော်က ထိန်းချုပ်ထားသော ငွေလဲလှယ်နှုန်းမူဝါဒများကိုချမှတ်ခဲ့ပြီး ထိုမှတဆင့် စနစ်တကျ အကျိုးအမြတ်ထုတ်ယူမှုများကို လုပ်ဆောင်ခဲ့သည်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် စစ်တပ်အသိုင်းအဝိုင်းမှ လူကုံထံများနှင့် ၎င်းတို့နှင့်ဆက်နွယ်နေသည့် စီးပွားရေးလုပ်ငန်းရှင်များသည် သယံဇာတတင်ပို့မှုမှရရှိသော စီးပွားရေးအကျိုးအမြတ်အမြောက်အများကို ရယူနိုင်ခဲ့ကြပြီး တရားဝင်စာရင်းဇယားများတွင်မူ ဝင်ငွေစီးဆင်းမှုပမာဏအစစ်အမှန်ကို ဖုံးကွယ်ထားနိုင်ခဲ့ကြသည်။

တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာ့ကမ်းလွန်သဘာဝဓာတ်ငွေ့ကဏ္ဍ၏ ဗဟိုချက်အဖြစ် ဆက်လက်တည်ရှိနေပြီး ဓာတ်ငွေ့ပိုက်လိုင်းနှင့် အခြေခံအဆောက်အအုံလုံခြုံရေးလုပ်ငန်းစဉ်များနှင့် ဆက်စပ်၍ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာလရှည်ကြာစွာ ခံစားနေရသည်။ ၁၉၉၀ ပြည့်လွန်နှစ်များမှစ၍ ဓာတ်ငွေ့အခြေခံအဆောက်အအုံများအနီးရှိ ကျေးရွာများတွင် မြေယာသိမ်းဆည်းခံရမှုများ၊ အတင်းအဓမ္မလုပ်အားပေး စေခိုင်းမှုများနှင့် စစ်အင်အားတိုးချဲ့မှု များရှိခဲ့ကြောင်း အစီရင်ခံတင်ပြမှုများရှိခဲ့ပါသည်။ ထင်ရှားသောဖြစ်ရပ်တစ်ခုမှာ၊ ရေဖြူမြို့နယ်အတွင်းတွင် ပိုက်လိုင်းအခြေခံအဆောက်အဦးလုံခြုံရေးအတွက်အကြောင်းပြကာ ဒေသအတွင်းရှိ မြေ ၈၁,၀၀၀ ဧကကျော်ကို ရေတပ်မှသိမ်းယူခဲ့သောကြောင့် ဒေသအတွင်းရှိ အိမ်ထောင်စုထောင်ပေါင်းများစွာ ထိခိုက်နစ်နာခဲ့ကြပါသည်။

၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် လက်နက်ကိုင်ပဋိပက္ခများပိုမိုပြင်းထန်လာခဲ့သောကြောင့်၊ လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်များနှင့် အရပ်သားထိခိုက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာခဲ့သည်။ ပိုက်လိုင်းတစ်လျှောက် လူ့အခွင့်အရေးချိုးဖောက်ခံရမှု မှတ်တမ်းများအရ၊ ၂၀၂၃ နှင့် ၂၀၂၅ ခုနှစ်အကြားတွင် မတရားဖမ်းဆီးချုပ်နှောင်ခံရသူ ၁၂၉ ဦး၊ ချုပ်နှောင်ခံရစဉ်အတွင်းသေဆုံးမှုများ၊ လက်နက်ကိုင်အဖွဲ့အစည်းများမှ တရားလက်လွတ်သတ်ဖြတ်မှုများ၊ ဒေသခံထောင်ပေါင်းများစွာကို ထိခိုက်စေသည့် အတင်းအဓမ္မ နေရပ်စွန့်ခွာခိုင်းမှုများနှင့် သွားလာရေး၊ ဆက်သွယ်ရေးနှင့် အခြေခံကုန်စည်များရရှိနိုင်မှုအပေါ် စနစ်တကျကန့်သတ်ပိတ်ပင်မှုများ ပါဝင်သည်။ စစ်ဆင်ရေးများအတွင်း အရပ်သားများရှိရာ ဒေသများသို့ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ လေကြောင်းမှတိုက်ခိုက်ခြင်း၊ အခြေခံအဆောက်အအုံများကို ဖျက်ဆီးခြင်း၊ နေအိမ်များကို မီးရှို့ခြင်းနှင့် လူနေထိုင်ရာဒေသများတွင် မြေမြှုပ်မိုင်းများ ထောင်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။ ဤလုပ်ရပ်များမှာ စွမ်းအင်အခြေခံအဆောက်အအုံများအနီးတွင် နေထိုင်ကြသည့် လူထုအသိုင်းအဝိုင်းများအပေါ် စုပေါင်းသိမ်းကြုံးအပြစ်ဒဏ်ပေးခြင်း နည်းဗျူဟာကို အသုံးပြုနေခြင်းဖြစ်ကြောင်း ညွှန်းဆိုနေပါသည်။

တစ်ချိန်တည်းမှာပင် ကမ်းလွန်သဘာဝဓာတ်ငွေ့မှရရှိသော ဝင်ငွေများသည် စစ်တပ်၏ စစ်စီးပွားရေးအတွက် အရေးကြီးသောအခန်းကဏ္ဍမှ ဆက်လက်ပါဝင်နေပါသည်။ လက်ရှိတင်ပို့လျှက်ရှိသည့် သဘာဝဓာတ်ငွေ့များအားဖြင့် တည်ငြိမ်သော နိုင်ငံခြားငွေစီးဆင်းမှုကို ဖြစ်ပေါ်စေကာ လက်နက်ခဲယမ်းများဝယ်ယူခြင်း၊ လေယာဉ်ဆီဝယ်ယူခြင်းနှင့် ပြည်တွင်းလုံခြုံရေး စစ်ဆင်ရေးများအပါအဝင် စစ်အသုံးစရိတ်များအတွက် ဆက်လက်သုံးစွဲနေသော်လည်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများမှာ ကျဆင်းလျှက်ရှိနေပါသည်။ ၂၀၂၂ ခုနှစ်မှစ၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှ အနောက်နိုင်ငံကော်ပိုရေးရှင်းများ နုတ်ထွက်သွားခြင်းကြောင့် နိုင်ငံခြားကော်ပိုရေးရှင်းများ၏ တိုက်ရိုက်ပါဝင်ပတ်သက်မှုအချို့ လျော့နည်းသွားသော်လည်း၊ ဝင်ငွေစီးဆင်းမှုများသည် ဒေသတွင်း ကုမ္ပဏီများထံသို့ ကူးပြောင်းသွားကာ MOGE ၏ ထိန်းချုပ်မှုကို ပိုမိုကျယ်ပြန့်စေခဲ့သည်။ ထိုင်းနိုင်ငံပိုင်နှင့် ပုဂ္ဂလိကကုမ္ပဏီများသည် မင်းရဲသူလုပ်ကွက်ကဲ့သို့သော စီမံကိန်းသစ်များအပါအဝင် မြန်မာ့ကမ်းလွန်ဓာတ်ငွေ့ထုတ်လုပ်မှုနှင့် တိုးချဲ့မှုကဏ္ဍများတွင် အဓိကအခန်းကဏ္ဍမှ ဆက်လက်ပါဝင်နေပါသည်။ ဤအချက်သည် စစ်အုပ်ချုပ်ရေးဆက်လက်ရှင်သန်စေရန်အတွက် ဘဏ္ဍာရေးထောက်ပံ့

မှုများ ဖြစ်ပေါ်နေခြင်းအပေါ် စိုးရိမ်ပူပန်မှုများကိုဆက်လက်ဖြစ်ပေါ်စေသည်။

အဆိုပါဖြစ်ရပ်များကို တုံ့ပြန်သည့်အနေဖြင့် မြန်မာ့အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် နိုင်ငံတကာလှုံ့ဆော်ရေးအဖွဲ့များသည် MOGE ထံသို့ စီးဆင်းနေသော ဘဏ္ဍာငွေလမ်းကြောင်းများကိုဖြတ်တောက်ရန် အစိုးရများ၊ ကော်ပိုရေးရှင်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများကို ဖိအားပေးလှုပ်ရှားလာကြသည်။ ဤကြိုးပမ်းမှုများကြောင့် ပစ်မှတ်ထားအရေးယူပိတ်ဆို့မှုများနှင့် ကုမ္ပဏီများ နုတ်ထွက်သွားမှုများရှိခဲ့သော်လည်း၊ သဘာဝဓာတ်ငွေ့မှရရှိသောဝင်ငွေသည် စစ်ကောင်စီအတွက် အရေးအကြီးဆုံးသော နိုင်ငံခြားငွေရရှိရာ အရင်းအမြစ်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ အချုပ်အားဖြင့်ဆိုရသော်၊ မြန်မာ့ကမ်းလွန်သဘာဝဓာတ်ငွေ့ကဏ္ဍသည် စစ်အင်အားတိုးချဲ့မှု၊ လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ရမှုများနှင့် အာဏာရှင်စနစ်ဖြင့် အုပ်ချုပ်မှုတို့အကြား နက်နက်ရှိုင်းရှိုင်းရောယှက်နေဆဲဖြစ်သည်။ ထိရောက်သော ဝင်ငွေထိန်းချုပ်မှုများ၊ ပွင့်လင်းမြင်သာမှုရှိသော ယန္တရားများနှင့် ကုမ္ပဏီများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အစီအမံများမရှိဘဲ၊ ကမ်းလွန်သဘာဝဓာတ်ငွေ့ဝင်ငွေများသည် မြန်မာနိုင်ငံရှိ စစ်အုပ်ချုပ်ရေးနှင့် ပဋိပက္ခများကို ဆက်လက်ရှင်သန်စေမည့် ဘဏ္ဍာရေးဆိုင်ရာ ကျောရိုးအဖြစ် ဆက်လက်တည်ရှိနေဦးမည် ဖြစ်သည်။



ပုံ – ၁ ) ၂၀၁၃ ခုနှစ်တွင်ရိုက်ကူးထားသည့် ကံပေါက်ဒေသအတွင်းရှိ ဂက်စ်ပိုက်လိုင်းပုံ။

ဓာတ်ပုံ – Eleven Media

# တနင်္သာရီ သယံဇာတစောင့်ကြည့်ရေး မဟာမိတ်
# Tanintharyi Coalition Resource Watch

Tanintharyi Coalition Resource Watch (တနင်္သာရီမဟာမိတ် သယံဇာတစောင့်ကြည့်ရေး) ကို ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် သဘာဝသယံဇာတထုတ်ယူမှုများကို ဆက်လက်စောင့်ကြည့်ရန်အတွက် တနင်္သာရီတိုင်းအတွင်းရှိ အရပ်ဘက်အဖွဲ့အစည်းခြောက်ခုဖြင့် ဖွဲ့စည်းခဲ့ပါသည်။ အဖွဲ့ဝင် အဖွဲ့အစည်းအားလုံးသည် သဘာဝသယံဇာတစီမံအုပ်ချုပ်မှု၊ မူဝါဒအပြောင်းအလဲများအတွက် တိုက်တွန်းနှိုးဆော်ခြင်း၊ ဥပဒေပြုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် ဒေသခံလူထုအကြား တာဝန်ယူမှုတာဝန်ခံမှုရှိစေရန်အတွက် တက်ကြွစွာ လုပ်ဆောင်လျက်ရှိကြသူများဖြစ်သည်။ မဟာမိတ်အဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ အဖွဲ့ဝင်များအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် သတင်းအချက်အလက်မျှဝေမှု ပိုမိုအားကောင်းလာစေရန်ရည်ရွယ်ပြီး၊ သယံဇာတစီမံအုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ သက်ဆိုင်သူများနှင့် အများပြည်သူအား စုပေါင်းသတင်းထုတ်ပြန်ခြင်းနှင့် အသိပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိပါသည်။

## ၁) နောက်ခံအကြောင်းအရာ

## အာဏာရှင်အုပ်ချုပ်ရေး၏ အဓိကထောက်တိုင်ဖြစ်သော မြန်မာ့ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့အကြောင်း

မြန်မာ့ကမ်းလွန် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍသည် လွန်ခဲ့သည့် ဆယ်စုနှစ်သုံးစုတာကာလပတ်လုံး နိုင်ငံ၏ နိုင်ငံ့စီးပွားရေး၏ အဓိကထောက်တိုင်အနေဖြင့်တည်ရှိခဲ့ပြီး၊ နိုင်ငံခြားငွေအများဆုံးရရှိရာ ဝင်ငွေအရင်းအမြစ်တစ်ခုလည်းဖြစ်ပါသည်။ ၁၉၉၀ နှစ်လယ်ပိုင်းလောက်မှစ၍ အက်ဒမန်ပင်လယ်အတွင်း အကြီးစားကမ်းလွန်သဘာဝဓာတ်ငွေ့လုပ်ငန်းများကို နိုင်ငံပိုင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် နိုင်ငံတကာရေနံနှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီကြီးများနှင့် အကျိုးတူထုတ်လုပ်မှုစာချုပ်များဖြင့် ဖော်ဆောင်ခဲ့ကြသည်။ MOGE သည် တရားဝင်အားဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော်လည်း၊ သမိုင်းတစ်လျှောက်တွင် အဆက်ဆက်သော စစ်အစိုးရများ၏ တိုက်ရိုက်ထိန်းချုပ်မှုအောက်တွင်သာ လည်ပတ်ခဲ့သောကြောင့်၊ ကမ်းလွန်မှရရှိသော ဟိုက်ဒရိုကာဗွန်သယံဇာတများကို အရပ်ဘက်မှ ကြီးကြပ်ကွပ်ကဲသည့် စနစ်များအတွင်း ထည့်သွင်းမည့်အစား အာဏာရှင်အုပ်ချုပ်ရေးယန္တရားများအတွင်း၌သာ ထားခဲ့ကြပါသည်။

ထိုင်းနိုင်ငံနှင့် နောက်ပိုင်းတွင် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့သော သဘာဝဓာတ်ငွေ့များသည် နိုင်ငံအတွက် တည်ငြိမ်ပြီး ပွင့်လင်းမြင်သာမှုရှိသော လမ်းကြောင်းတစ်ခုကို ဖော်ဆောင်ပေးခဲ့သည်။ အဆိုပါဝင်ငွေများသည်

မြန်မာစစ်အစိုးရအား ပြည်တွင်း၌ တာဝန်ခံရမှုမရှိအောင် အကာအကွယ်ပေးထားပြီး၊ အကောက်အခွန်များ အပေါ်တွင် အမှီအခိုလျော့နည်းစေကာ၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်အတွက်လည်း အားနည်းစေကြောင်းပညာရှင်များမှ အစဉ်တစိုက်ထောက်ပြခဲ့ကြသည်။[၁]

ကုန်းတွင်းပိုင်း သယံဇာတတူးဖော်ရေးလုပ်ငန်းများနှင့်မတူသည်မှာ၊ ကမ်းလွန်သဘာဝသယံဇာတတူးဖော်ရေးလုပ်ငန်းများမှာ နည်းပညာပိုင်းဆိုင်ရာရှုပ်ထွေးမှု၊ ပြည်ပသို့တင်ပို့ရန် အဓိကထားဆောင်ရွက်မှုနှင့် ပြည်တွင်းဈေးကွက်နှင့်ထိတွေ့မှုအကန့်အသတ်ရှိခြင်းတို့ကြောင့် အများပြည်သူတို့၏ စောင့်ကြည့်စစ်ဆေးမှုမှ အထူးသဖြင့်ကင်းလွတ်လျှက်ရှိသည်။

ရှည်လျားလှသော စစ်အုပ်ချုပ်ရေးအောက်တွင် ကမ်းလွန်သဘာဝဓာတ်ငွေ့ကဏ္ဍသည် အနည်းဆုံးသော ပွင့်လင်းမြင်သာမှုနှင့် အားနည်းသော စည်းမျဉ်းစည်းကမ်းကြီးကြပ်မှုများဖြင့်သာ လည်ပတ်နေခဲ့သည်။ ဓာတ်ငွေ့ပိုက်လိုင်းများနှင့် ကမ်းလွန်အခြေခံအဆောက်အအုံများ၏ လုံခြုံရေးဆိုင်ရာစီမံဆောင်ရွက်မှုများသည်လည်း စစ်အင်အားတိုးချဲ့မှုများနှင့် နီးကပ်စွာဆက်နွယ်နေခြင်းနှင့်အတူ အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှု၊ မြေယာသိမ်းဆည်းမှုနှင့် အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများရှိနေကြောင်း စွပ်စွဲချက်များမှာလည်း အဆိုပါဒေသများတွင် ဆက်တိုက်ဆိုသလို ရှိနေခဲ့သည်။[၂] တစ်ချိန်တည်းမှာပင်လျှင်၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီမံအုပ်ချုပ်ရေးယန္တယားမှာလည်း အကန့်အသတ်ဖြင့် သို့မဟုတ် ထိရောက်မှုမရှိပဲ၊ ထိခိုက်နစ်နာသော လူထုအသိုင်းအဝိုင်းများအတွက် ပြန်လည်ကုစားမှုရရှိရန် သို့မဟုတ် ပါဝင်ဆောင်ရွက်ရန် အခွင့်အလမ်း အလွန်နည်းပါးခဲ့ပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းမှုနောက်ပိုင်းတွင် MOGE မှတစ်ဆင့် ကမ်းလွန်ဓာတ်ငွေ့ဝင်ငွေများကို ထိန်းချုပ်နိုင်ခြင်းက စစ်ကောင်စီ၏အာဏာကို ပိုမိုခိုင်မာစေခဲ့သည်။ မြန်မာနိုင်ငံ၏ သယံဇာတတူးဖော်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးအစီအစဉ် (MEITI) ကို ရပ်ဆိုင်းလိုက်ခြင်းနှင့် အရပ်ဘက်ကြီးကြပ်ကွပ်ကဲမှုယန္တရားများ ပျောက်ကွယ်သွားခြင်းတို့ကြောင့် ဝင်ငွေစီးဆင်းမှုများသည် ယခင်ကထက်ပင်ပိုမို၍ မရေမရာဖြစ်လာပြီး ဖုံးကွယ်ခြင်းခံထားရသည်။ ရလဒ်အနေဖြင့်၊ မြန်မာ့ကမ်းလွန် ဟိုက်ဒရိုကာဗွန် သယံဇာတများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းအမြစ်တစ်ခုအဖြစ် မဟုတ်တော့ဘဲ၊ နိုင်ငံတကာ၏ ပိတ်ဆို့အရေးယူမှုများနှင့် ပြည်တွင်းတော်လှန်ရေးများကြားတွင် အာဏာရှင်အုပ်ချုပ်ရေးယန္တရားကို ဆက်လက်ရှင်သန်စေမည့် ဘဏ္ဍာရေးဆိုင်ရာ ကျောရိုးတစ်ခုအဖြစ်သာ ပိုမိုလုပ်ဆောင်နေပါသည်။

---

[၁] Kolås, Å., & Vik, H. (2018). Energy, extraction and political power in Myanmar. Third World Quarterly.

[၂] EarthRights International (2018). Total Impact: The Human Rights, Environmental, and Financial Impacts of Myanmar's Offshore Gas Projects.

# တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတိုးချဲ့မှု – သမိုင်းကြောင်းနှင့် နိုင်ငံရေး-စီးပွားရေးနောက်ခံ အကြောင်းအရာ

တနင်္သာရီတိုင်းဒေသကြီးအတွင်း အကြီးစားကမ်းလွန်သဘာဝဓာတ်ငွေ့ တိုးချဲ့ထုတ်လုပ်မှုများသည် ၁၉၈၈ ခုနှစ် စစ်အာဏာသိမ်းမှုအပြီးတွင် ပေါ်ပေါက်လာခဲ့ပြီး၊ နိုင်ငံ၏ သယံဇာတထုတ်ယူမှုဆိုင်ရာ နိုင်ငံရေးစီးပွားရေးတွင် သိသာထင်ရှားသော အပြောင်းအလဲတစ်ခုဖြစ်ခဲ့သည်။ ရတနာ၊ ရဲတံခွန် (၁၉၉၀ ပြည့်လွန်နှစ်များ)နှင့် ဇောတိက (၂၀၀၀ ပြည့်လွန်နှစ်များ) စီမံကိန်းများသည် မြန်မာနိုင်ငံ၏ ပထမမျိုးဆက် ကမ်းလွန်ဓာတ်ငွေ့ စီမံကိန်းများဖြစ်ကြပြီး၊ နိုင်ငံတော်ယန္တရားကို ပြန်လည်တည်ဆောက်ရာတွင်လည်းကောင်း၊ အားနည်းနေသော စစ်အုပ်ချုပ်ရေးယန္တရားကို ကျားကန်ပေးရာတွင်လည်းကောင်း အောက်ပါနည်းလမ်း ၃ သွယ်ဖြစ်သော စစ်ကောင်စီအတက် နိုင်ငံတကာ၏ တရားဝင်အသိအမှတ်ပြုမှုနှင့် လက်ခံမှုကိုရရှိစေခြင်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများဖန်တီးပေးခြင်းနှင့် နိုင်ငံ၏စီးပွားရေးကို စွမ်းအင်တင်ပို့မှုအပေါ် အဓိကမူတည်သော စီးပွားရေးပုံစံသို့ပြောင်းလဲခြင်းကဲ့သို့သော အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ စစ်အုပ်ချုပ်ရေးအောက်တွင် စတင်စဉ်းစားအကောင်အထည်ဖော်ခဲ့သော ဤစီမံကိန်းများကို ထိုင်းနိုင်ငံအား အဓိကဈေးကွက်အဖြစ်ထား၍ ရေရှည်ဓာတ်ငွေ့တင်ပို့မှုမှတစ်ဆင့် နိုင်ငံခြားငွေဝင်ငွေ ရှာဖွေနိုင်ရန်အတွက် ရည်ရွယ်၍ဒီဇိုင်းထုတ်ခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံတကာရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီကြီးများဖြစ်ကြသော Total (ပြင်သစ်နိုင်ငံ)၊ Unocal (အမေရိကန်နိုင်ငံ၊ နောက်ပိုင်းတွင် Chevron) နှင့် ထိုင်းနိုင်ငံမှ PTTEP တို့သည် ဤစီမံကိန်းများကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံပိုင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ TotalEnergies နှင့် Chevron ကုမ္ပဏီတို့ နုတ်ထွက်သွားပြီးနောက်ပိုင်းတွင် ဤစီမံကိန်းများ၌ MOGE ၏ ရှယ်ယာဝေစုမှာ စီမံကိန်းစတင်သည့် ကာလများနှင့် နှိုင်းယှဉ်ပါက ပိုမိုမြင့်တက်လာခဲ့ပါသည်။


## တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းကြီးများ–

| စီမံကိန်း | လုပ်ကွက် | အဓိကလုပ်ကိုင်သူများ | အဓိကတင်ပို့သည့် ဈေးကွက် |
|---|---|---|---|
| ရတနာ | M-5 & M-6 | Total, Chevron, PTTEP, MOGE | ထိုင်း |
| ရဲတံခွန် | M-12, M-13, M-14 | Petronas, MOGE, Nippon Oil | ထိုင်း |
| ဇောတိက | M-9 & M-11 | PTTEP, MOGE | ထိုင်း |

စီမံကိန်းတစ်ခုနှင့်တစ်ခုအပေါ် မူတည်၍ MOGE ၏ အကျိုးအမြတ်ခွဲဝေမှုပမာဏ ကွဲပြားနိုင်သော်လည်း၊ MOGE ပါဝင်နေခြင်းကပင် ရရှိလာသော ဝင်ငွေများကို နိုင်ငံတော်ထံသို့ တိုက်ရိုက်စီးဆင်းစေရန် စနစ်တကျ လမ်းကြောင်းဖော်ပေးနေပြီး၊ အများပြည်သူတို့၏ ဘဏ္ဍာရေးဆိုင်ရာ စောင့်ကြည့်စစ်ဆေးမှုများကို ကျော်ဖြတ်ကာ မဟာဗျူဟာမြောက် ဝင်ငွေအရင်းအမြစ်များအပေါ် စစ်တပ်၏ထိန်းချုပ်မှုကို ပိုမိုခိုင်မာစေခဲ့သည်။ ဤကဲ့သို့သော လုပ်ဆောင်မှုပုံစံသည် ကမ်းလွန်သဘာဝဓာတ်ငွေ့ကဏ္ဍကို မြန်မာ့စီးပွားရေးတွင် ပွင့်လင်းမြင်သာမှု အနည်းဆုံးဖြစ်သော်လည်း အကျိုးအမြတ်အများဆုံးရရှိသည့် ကဏ္ဍတစ်ခုအဖြစ် အမြစ်တွယ်စေခဲ့ပါသည်။

ရတနာနှင့် ရဲတံခွန်လုပ်ကွက်များသည် သက်တမ်းရင့်လာသည်နှင့်အမျှ ဓာတ်ငွေ့ထွက်ရှိမှု လျော့နည်းလာသော်လည်း ၎င်းတို့၏ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာအရေးပါမှုမှာမူ လျော့ပါးသွားခြင်း မရှိပေ။ ယင်းနှင့် ဆန့်ကျင်ဘက်အနေဖြင့် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်းတွင် ကမ်းလွန်သဘာဝဓာတ်ငွေ့တင်ပို့မှုမှရရှိသော ဝင်ငွေများ၊ အထူးသဖြင့် ရတနာနှင့် ဇော်တိကစီမံကိန်းများနှင့် ဆက်နွှယ်နေသော ဝင်ငွေများသည် စစ်ကောင်စီ၏ ဘဏ္ဍာရေးဆိုင်ရာ ရှင်သန်ရပ်တည်နိုင်မှုအတွက် ပိုမိုအရေးပါလာခဲ့သည်။ ဓာတ်ငွေ့တင်ပို့မှုမှရရှိသော ဝင်ငွေများသည် စစ်တပ်အတွက် တည်ငြိမ်သော နိုင်ငံခြားငွေအရင်းအမြစ်တစ်ခုဖြစ်စေပြီး၊ နိုင်ငံတကာ၏ ပိတ်ဆို့အရေးယူမှုများမှ အကာအကွယ်ပေးထားသည့်အပြင် စစ်တပ်အနေဖြင့် လက်နက်ကိုင် အကြမ်းဖက်မှုများကို ဆက်လက်လုပ်ဆောင်နိုင်ရန်၊ လောင်စာဆီနှင့် လက်နက်များ တင်သွင်းနိုင်ရန်နှင့် စီးပွားရေးတစ်ခုလုံး ပြိုလဲလုနီးပါးဖြစ်နေချိန်တွင် အထွေထွေစီးပွားရေးဆိုင်ရာ ကြံ့ကြံ့ခံနိုင်ရည်ရှိမှုကို ထိန်းသိမ်းနိုင်ရန် အထောက်အကူပြုနေပါသည်။

## ယခုလက်ရှိ ရင်းနှီးမြှုပ်နှံသူများ




ပုံ – ၂) ဇော်တိက လုပ်ငန်းဗဟိုဌာန၏ အထွေထွေမြင်ကွင်းပုံ။ ဓာတ်ပုံ – PTTEP

## ၁၉၈၈ အာဏာသိမ်းမှုနောက်ပိုင်း စစ်တပ်၏ ဝင်ငွေအပေါ်ခြယ်လှယ်မှုနှင့် ငှားရမ်းခကောက်ခံမှု

တနင်္သာရီတိုင်းရှိ ကမ်းလွန်ဓာတ်ငွေ့စီမံကိန်းများမှ ရရှိသောဝင်ငွေများသည် အများပြည်သူအတွက် ရရှိသည့် ဘုံဘဏ္ဍာငွေသက်သက်မျှသာမဟုတ်ဘဲ၊ အဆိုပါဝင်ငွေများကို ၁၉၈၈ ခုနှစ် အာဏာသိမ်းပြီးနောက် စစ်အစိုးရက တည်ထောင်ခဲ့သည့် အထွေထွေစီးပွားရေးဆိုင်ရာ ထိန်းချုပ်မှုစနစ်နှင့် စစ်တပ်အသိုင်းအဝိုင်းအတွက် အကျိုးအမြတ်ထုတ်ယူမှုစနစ်ကြီးအတွင်းသို့ ရည်ရွယ်ချက်ရှိရှိဖြင့်ထည့်သွင်းပေါင်းစပ်ခဲ့ခြင်းဖြစ်သည်။ အာဏာသိမ်းပြီးနောက်တွင်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) သည် သယံဇာတမှရရှိသောအကျိုးအမြတ်များကို စနစ်တကျသိမ်းကျုံးရယူနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ နိုင်ငံခြားငွေလဲလှယ်မှုစနစ်ကို ပြန်လည်ပြင်ဆင်ခဲ့ပြီး၊ ထိုဗျူဟာတွင် ကမ်းလွန်ဓာတ်ငွေ့ဝင်ငွေများသည် အဓိကကျောရိုးဖြစ်လာခဲ့ပါသည်။

ဤစနစ်၏ အဓိကသော့ချက်တစ်ခုမှာ နိုင်ငံခြားငွေလက်မှတ် (Foreign Exchange Certificates – FECs) များအပေါ်အခြေခံသည့် ငွေကြေးနှစ်မျိုးသုံးစနစ် (Dual-currency framework) ကို မိတ်ဆက်ပြီး အတင်းအဓမ္မကျင့်သုံးစေခဲ့ခြင်းဖြစ်သည်။ ဤအစီအမံအရ ဓာတ်ငွေ့တင်ပို့မှုမှရရှိသော အမေရိကန်ဒေါ်လာဝင်ငွေများအပါအဝင် နိုင်ငံခြားငွေရရှိမှုအားလုံးကို နိုင်ငံတော်ထံသို့ မဖြစ်မနေ အပ်နှံရပြီး၊ စစ်တပ်၏ တိုက်ရိုက်ထိန်းချုပ်မှုအောက်တွင် လည်ပတ်နေသော ဗဟိုဘဏ်က သတ်မှတ်ထားသည့် တရားဝင်ငွေလဲနှုန်းဖြင့် FEC များအဖြစ်သို့ ပြောင်းလဲခဲ့ရသည်။ ပြည်ပနိုင်ငံခြားငွေများကိုကိုင်ဆောင်ခြင်း သို့မဟုတ် သုံးစွဲခြင်းကို တားမြစ်ထားခဲ့ပြီး၊ ယင်းမှာ စီးပွားရေးအတွင်းရှိ နိုင်ငံခြားငွေစီးဆင်းမှုအားလုံးအပေါ် စစ်တပ်က တစ်ဦးတည်း မှုပိုင်ချုပ်ကိုင်နိုင်ခွင့်ကို ထိရောက်စွာရရှိစေခဲ့ပါသည်။

ဤမူဝါဒသည် အစိုးရက အဓမ္မကျင့်သုံးသော ငွေလဲနှုန်းကွာဟချက်မှ အမြတ်ထုတ်သည့်ယန္တရားကို စနစ်တကျဖြစ်ပေါ်စေခဲ့ပြီး၊ ယင်းမှာ ပြည်သူ့ကဏ္ဍမှ အမြောက်အမြားရှိသော စီးပွားရေးတန်ဖိုးများကို စစ်တပ်အသိုင်းအဝိုင်းထံသို့ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။ ရတနာပိုက်လိုင်းကဲ့သို့သော စီမံကိန်းများမှရရှိသည့် ဓာတ်ငွေ့ဝင်ငွေများသည် စစ်တပ်၏ စီးပွားရေးလက်တံသဖွယ်လုပ်ဆောင်နေသော မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) မှတစ်ဆင့် နိုင်ငံတော်အတွင်းသို့ ဝင်ရောက်လာခဲ့သည်။ ဤဝင်ငွေများကို တရားဝင်စာရင်းသွင်းရာတွင် အဆမတန်မြင့်တင်သတ်မှတ်ထားသော FEC ငွေလဲနှုန်းကို အသုံးပြု၍ ကျပ်ငွေဖြင့်သာ မှတ်တမ်းတင်ခဲ့သဖြင့်၊ ယင်းတို့၏ အစစ်အမှန်စျေး ကွက်တန်ဖိုးထက်များစွာလျော့နည်း၍ ဖော်ပြခြင်းခံခဲ့ရသည်။ ရလဒ်အနေဖြင့် တရားဝင်ငွေလဲနှုန်းနှင့် စျေးကွက်ပေါက်စျေးတို့အကြား ဖြစ်ပေါ်နေသော ကြီးမားသည့် ကွာဟချက်သည် နိုင်ငံတော်၏စီးပွားရေးအတွင်းမှ အကျိုးအမြတ်များကို သိသိသာသာ လွှဲပြောင်းရယူလိုက်ခြင်းပင် ဖြစ်ပါသည်။

အထူးသဖြင့်၊ ဤသို့ “ဆုံးရှုံးသွားသော” တန်ဖိုးများသည် တိုက်ဆိုင်မှုကြောင့်ဖြစ်ပေါ်လာခြင်း မဟုတ်သကဲ့သို့ စီးပွားရေးအရ သာမန်ဖြစ်ရိုးဖြစ်စဉ်လည်း မဟုတ်ပေ။ စစ်ဘက်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် နိုင်ငံရေးအရဆက်နွှယ်နေသော စီးပွားရေးကွန်ရက်များသည် နိုင်ငံခြားငွေ လက်ဝယ်ထားရှိခွင့်၊ သွင်းကုန်လိုင်စင်များနှင့် FEC များကို တရားဝင်ငွေလဲနှုန်းဖြင့်ရယူနိုင်ခွင့် စသည့်အထူးအခွင့်အရေးများကို ခံစားခဲ့ကြရသည်။ ထို့နောက် ၎င်းတို့သည် ယင်းတို့ကို ပြင်ပဈေးကွက်နှင့် မှောင်ခိုဈေးကွက်များတွင် ပေါက်ဈေးအတိုင်း ပြန်လည်လဲလှယ်ကာ အဆမတန်များပြားသော အကျိုးအမြတ်များကို ထုတ်ယူခဲ့ကြသည်။ ထို့ကြောင့် ငွေကြေးနှစ်မျိုးသုံးစနစ်သည် စစ်တပ်ခေါင်းဆောင်ပိုင်းအတွက် ကမ်းလွန်ဓာတ်ငွေ့မှရရှိသော အစစ်အမှန်တန်ဖိုးများကို ကိုယ်ကျိုးအတွက် သိမ်းကျုံးယူနိုင်ရန်ဖန်တီးထားသည့် ခနဉစ္စာထုတ်ယူမှုယန္တရားသဖွယ်လုပ်ဆောင်ခဲ့ပြီး၊ ယင်း၏ စီးပွားရေးဆိုင်ရာဆိုးကျိုးများကိုမူ ပြည်သူလူထုတစ်ရပ်လုံးက ခံစားခဲ့ကြရပါသည်။

တစ်ချိန်တည်းမှာပင် စစ်အစိုးရ၏ တရားဝင်ဘဏ္ဍာရေးစာရင်းဇယားများတွင် ဓာတ်ငွေ့ဝင်ငွေကို FEC ငွေလဲနှုန်းဖြင့် တွက်ချက်ထားသည့် လျှော့ချဖော်ပြထားသော တန်ဖိုးများကိုသာ ထည့်သွင်းဖော်ပြခဲ့ကြသည်။ ဤကဲ့သို့ ရည်ရွယ်ချက်ရှိရှိဖြင့် တန်ဖိုးလျှော့တွက်ခြင်းသည် သယံဇာတထုတ်ယူမှုမှရရှိသော ဝင်ငွေပမာဏအစစ်အမှန်ကို ဖုံးကွယ်ထားနိုင်စေခဲ့ပြီး၊ ထိုရန်ပုံငွေများကို အရပ်ဘက်မှ စောင့်ကြည့်စစ်ဆေး၍မရသော ပွင့်လင်းမြင်သာမှုမရှိသည့်အစိုးရပြင်ပလမ်းကြောင်းများထဲသို့ လွှဲပြောင်းပေးရန်လွယ်ကူစေခဲ့သည်။ အခမ္ဘအာဏာစက်နှင့် နိုင်ငံခြားငွေစီမံခန့်ခွဲမှုနှစ်ခုလုံးကို တစ်ဦးတည်းမူပိုင် ချုပ်ကိုင်ခြင်းအားဖြင့် စစ်တပ်သည် နိုင်ငံတော်၏ သယံဇာတဝင်ငွေများကို စစ်အစိုးရတည်မြဲရေး၊ ခရိုနီကွန်ရက်များကို ထောက်ပံ့ရေးနှင့် ကိုယ်ကျိုးစီးပွားရှာဖွေရေးတို့အတွက် စိတ်ကြိုက်အသုံးပြုနိုင်သည့် ရန်ပုံငွေတစ်ခုအဖြစ်သို့ ပြောင်းလဲပစ်ခဲ့ပါသည်။

လက်တွေ့တွင် ၁၉၈၈ ခုနှစ်နောက်ပိုင်းကျင့်သုံးခဲ့သော နိုင်ငံခြားငွေလဲလှယ်မှုစနစ်သည် ကမ်းလွန်ဓာတ်ငွေ့ဝင်ငွေများကို အာဏာရှင်စနစ် ခိုင်မာအားကောင်းစေရန်အတွက် ဖွဲ့စည်းပုံဆိုင်ရာလက်နက်ကိရိယာတစ်ခုအဖြစ်သို့ ပြောင်းလဲပစ်ခဲ့သည်။ သယံဇာတမှရရှိသော ကြွယ်ဝမှုများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချမည့်အစား စစ်တပ်၏အာဏာကိုအခြေခိုင်စေရန်၊ ဘဏ္ဍာရေးဆိုင်ရာပွင့်လင်းမြင်သာမှုကို အားနည်းစေရန်နှင့် နိုင်ငံတော်ဝင်ငွေအပေါ် ပြည်သူလူထု၏ စောင့်ကြည့်စစ်ဆေးနိုင်မှုကို ဖြတ်တောက်ရန်အတွက် စနစ်တကျခြယ်လှယ်အသုံးပြုခဲ့ကြသည်။

# ၂) အာဏာသိမ်းမှုမတိုင်မီ တနင်္သာရီတိုင်း ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၏ သမိုင်းဝင်မှတ်တမ်း

တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏တောင်ဘက်စွန်းပိုင်းတွင်တည်ရှိပြီး အဓိကကျသော ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းများစုဝေးရာ ဗဟိုချက်ဖြစ်သည်။ ဤဒေသတွင် ဆယ်စုနှစ်ပေါင်းများစွာအတွင်း စစ်အစိုးရအတွက် အမြောက်အမြားသောဝင်ငွေများကို ရှာဖွေပေးခဲ့သည့် ရတနာ၊ ရဲတံခွန်နှင့် ဇောတိက ဓာတ်ငွေ့လုပ်ကွက်များတည်ရှိသည်။ သယံဇာတအရင်းအမြစ်များ လျော့နည်းလာခြင်းနှင့် နိုင်ငံတကာ၏ ဖိအားများရှိနေသော်လည်း၊ စစ်အုပ်ချုပ်ရေးအောက်တွင် ကမ်းလွန်ဓာတ်ငွေ့ ရှာဖွေရေးနှင့် ထုတ်လုပ်ရေးစီမံကိန်းအသစ်များကို လက်ရှိတွင် ဖော်ဆောင်လျက်ရှိသည်။[၃] ရတနာဓာတ်ငွေ့ပိုက်လိုင်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးသော နိုင်ငံဖြတ်ကျော် စွမ်းအင်စီမံကိန်းဖြစ်ပြီး၊ တစ်နေ့လျှင် ဓာတ်ငွေ့ ကုဗပေ ၁.၂၅ ဘီလီယံကို ထိုင်းနိုင်ငံ၊ ရက်ချာဘူရီသို့ ပို့ဆောင်နိုင်သည့် စွမ်းရည်ရှိသည် (Simpson, 2016;[၄] Rodger, 2013)။ EarthRights International (ERI, 2009) ၏ အဆိုအရ၊ စစ်အုပ်ချုပ်ရေးအောက်ရှိ အငြင်းပွားဖွယ်ရာ ရတနာသဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းကြောင့် အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုများ၊ သတ်ဖြတ်မှုများနှင့် အဂတိလိုက်စားမှုများ ဖြစ်ပေါ်ခဲ့သည်။ အခြားတစ်ဖက်တွင်မူ ဤပိုက်လိုင်းသည် ကုမ္ပဏီများနှင့် စစ်တပ်အတွက် အမေရိကန်ဒေါ်လာ ၇ ဘီလီယံကျော်အထိ ဝင်ငွေရှာဖွေပေးခဲ့သည်။

## (က) လူ့အခွင့်အရေးဆိုင်ရာ ပြဿနာရပ်များ (မြေယာသိမ်းဆည်းမှု၊ အဓမ္မလုပ်အားပေးခိုင်းစေမှု၊ စစ်မက်ဖြစ်ပွားမှုနှင့် လျှပ်စစ်မီးရရှိမှု၊ အစရှိသည်ဖြင့်)


ဓာတ်ငွေ့ပိုက်လိုင်းနှင့် နီးကပ်စွာနေထိုင်ကြသော ဒေသခံလူထုသည် ပြင်းထန်သောလူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်တိုက်ကြုံတွေ့ခဲ့ရသည်။ ယင်းတို့အနက် တစ်ခုမှာ ၁၉၉၀ ပြည့်လွန်နှစ်နှောင်းပိုင်းမှစ၍ မြန်မာ့ရေတပ်မှ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ခဲ့သော မြေယာသိမ်းဆည်းမှုများဖြစ်သည်။ မောရဝတီရေတပ်စခန်းဌာနချုပ်သည် မူလက မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် အခြေစိုက်ခဲ့သော်လည်း ၁၉၉၀ ပြည့်လွန်နှစ်များအစောပိုင်းတွင် ရတနာဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းအတွက် လုံခြုံရေးပေးရန် ရေဖြူမြို့နယ်သို့ ပြောင်းရွှေ့လာခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် ရေတပ်သည် ကျေးရွာအုပ်စု ၅ အုပ်စုအတွင်းရှိ ဒေသခံများပိုင်ဆိုင်သော မြေဧကပေါင်း ၈၁,၁၉၆.၇၂ ဧက ကို သိမ်းဆည်းခဲ့သည်။ အဆိုပါနယ်မြေအတွင်း၌ ကျေးရွာပေါင်း ၂၈ ရွာ၊ အိမ်ထောင်စု ၃,၃၈၃ စုနှင့် လူဦးရေ ၁၈,၂၈၀ ဦးတို့၏ နေအိမ်များပါဝင်နေသည်။ ထိုသို့ မြေယာလွှဲပြောင်းယူရာတွင် ဒေသခံများအား အသိပေးခြင်း သို့မဟုတ် သဘောတူညီချက်ရယူခြင်း လုံးဝမရှိဘဲ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ သိမ်းဆည်းခဲ့သော မြေဧက ၈၁,၁၉၆.၇၂ အနက် ရေတပ်သည် တပ်စခန်းများ၊ ဆေးရုံနှင့် အခြေခံအဆောက်အအုံများအတွက် ဧက ၃,၀၀၀ ခန့်ကိုသာ လက်တွေ့အသုံးပြုခဲ့သည်။[၅]

---

[၃] *For example the Min Ye Thu Project, which can be seen here:*
*https://www.mdn.gov.mm/en/production-sharing-deal-signed-min-ye-thu-project-mottama-block-m-10*

[၄] *Simpson, A. (2016). Energy, governance and security in Thailand and Myanmar (Burma): a critical approach to environmental politics in the South. Routledge.*

[၅] *TF, DDA, & DPLN (2016). The land confiscation for the Yadana gas pipeline project in Yebyu Township.*




*ပုံ – ၃ ) မောရဝတီရေတပ်စခန်းဌာနချုပ်မှ မြေယာသိမ်းဆည်းမှုနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း လမ်းကြောင်းပြမြေပုံ။ အရင်းအမြစ် – TCRW*

## ၃) အာဏာသိမ်းပြီးနောက်ပိုင်း တနင်္သာရီတိုင်းဒေသကြီး၏ အခြေအနေ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးတစ်ခုလုံး၌ မြန်မာစစ်တပ်နှင့် တော်လှန်ရေးအင်အားစုများအကြား ပြင်းထန်သောလက်နက်ကိုင်ပဋိပက္ခများ သိသိသာသာ ပြန်လည်ဖြစ်ပွားလာခဲ့သည်။ ရလဒ်အနေဖြင့် လူပေါင်းသောင်းနှင့်ချီ၍ မိမိတို့၏ အိုးအိမ်မြေယာများကိုစွန့်ခွာကာ စစ်ဘေးရှောင်ခဲ့ကြရပြီး၊ အရပ်သားများအပေါ် မတရားသတ်ဖြတ်ခြင်း၊ မတရားဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ပိုင်ဆိုင်မှုပစ္စည်းများကိုဖျက်ဆီးခြင်း အစရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ စွာမှာလည်း အရှိန်အဟုန်ဖြင့် တိုးပွားလာခဲ့သည်။ ဤအပိုင်းတွင် ဓာတ်ငွေ့ပိုက်လိုင်းတစ်လျှောက်ရှိ အရပ်သားများအပေါ် ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို အသေးစိတ်ဖော်ပြသွားမည်ဖြစ်သည်။

## လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် အလွဲသုံးစားပြုမှုများ-

၁။ **မတရားဖမ်းဆီးထိန်းသိမ်းခြင်းများ** – ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဇွန်လအတွင်း ကျေးရွာအုပ်စု ခုနစ်စုမှ အရပ်သား ၁၂၉ ဦး ဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ရသည်။[၆] ထို့အပြင်၊ ၂၀၂၃ ခုနှစ် ဧပြီလတွင် ကလိန်အောင်ရဲစခန်း၌ ဖမ်းဆီးခံရသူများနှင့် ၂၀၂၄ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် မောရဝတီရေတပ်စခန်း၌ ဖမ်းဆီးခံရသူများအနက် အချို့မှာ သေဆုံးသွားခဲ့သည့် မှတ်တမ်းများရှိနေပြီး၊ ယင်းမှာ ဖမ်းဆီးထိန်းသိမ်းထားစဉ်အတွင်း သတ်ဖြတ်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းများအပေါ် အလွန်အမင်းစိုးရိမ်ဖွယ်ရာဖြစ်ပေါ်စေပါသည်။

၂။ **အရပ်သားများကို မတရားသတ်ဖြတ်ခြင်း** – မြန်မာစစ်တပ်၏ သတ်ဖြတ်မှုကြောင့် လူ ၁၀ ဦး သေဆုံးခဲ့ရကြောင်းသိရပြီး၊ အခြား လူ ၄ ဦးမှာမူ စစ်တပ်အားသတင်းပေးသည်ဟူသောသံသယဖြင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDFs) များ၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ ထို့အပြင်၊ မည်သူမည်ဝါဖြစ်ကြောင်း အတည်မပြုနိုင်သူများ၏သတ်ဖြတ်မှုကြောင့် နောက်ထပ် ၈ ဦးသေဆုံးခဲ့သည်။

၃။ **အစုအဖွဲ့အလိုက် ပြစ်ဒဏ်ခတ်ခြင်း** – ပိုက်လိုင်းတစ်လျှောက်နေထိုင်ကြသော အရပ်သားများအပေါ် အစုအပြုံအလိုက် ပြစ်ဒဏ်ခတ်သည့်လုပ်ရပ်များကို ပုံမှန်ကျူးလွန်လျက်ရှိသည်။ ၎င်းတို့တွင် –

(က) **လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း** – မြန်မာစစ်တပ်သည် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များနှင့် တိုက်ပွဲဖြစ်ပွားစဉ်အတွင်း အရပ်သားများနေထိုင်ရာဒေသများသို့ လက်နက်ကြီးများဖြင့် အသုံးပြုပစ်ခတ်လေ့ရှိသည်။ ထို့ပြင် တော်လှန်ရေးအဖွဲ့များက စစ်တပ်စခန်းများ၊ စစ်ဆေးရေးဂိတ်များနှင့် ကင်းစခန်းများကို တိုက်ခိုက်ချိန်တွင်လည်း အရပ်သားနယ်မြေများ ထိခိုက်မှုရှိခဲ့သည်။ လူနေရပ်ကွက်များအတွင်း လက်နက်ကြီးများ အသုံးပြုခြင်းသည် အစုအပြုံအလိုက် ပြစ်ဒဏ်ခတ်ခြင်းမြောက်နိုင်ပြီး၊ နိုင်ငံတကာဥပဒေအရ ပြင်းထန်သော စိုးရိမ်ဖွယ်ရာကိစ္စရပ်ဖြစ်လာသည်။ ဓာတ်ငွေ့အခြေခံအဆောက်အအုံများကို လုံခြုံရေးယူပေးထားသော ရေတပ်တပ်ဖွဲ့များရှိနေခြင်းကြောင့်၊ ပိုက်လိုင်းစကြံတစ်လျှောက်တွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေသည်။ အစီရင်ခံစာများအရ မြန်မာစစ်တပ်သည် လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးပစ်ခတ်မှုများနှင့် အချို့သောအခြေအနေများတွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ အရပ်သားများကို လူသားဒိုင်းအဖြစ် အသုံးပြုခဲ့ကြောင်း သိရသည်။

(ခ) **အရပ်ဘက် အခြေခံအဆောက်အအုံများကို ဖျက်ဆီးခြင်း** – လမ်းတံတားများကို ဖျက်ဆီးခြင်းသည် ထောက်ပံ့ရေးလမ်းကြောင်းများကို ဖြတ်တောက်ရန်နှင့် တော်လှန်ရေးအင်အားစုများ၏ လှုပ်ရှားမှုကိုကန့်သတ်ရန် စစ်တပ်ကအသုံးပြုလေ့ရှိသော ဗျူဟာတစ်ခုဖြစ်သည်။ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် စစ်တပ်သည် ရေဖြူမြို့နယ်ရှိ ကံပေါက်ကျေးရွာနှင့် နဘုလယ်ကျေးရွာ

[၆] https://www.facebook.com/tanintharyi.report/

တို့ကို ဆက်သွယ်ထားသောလမ်းကို ဖျက်ဆီးခဲ့သည်။ အဆိုပါလမ်းကို မြေတူးစက်များဖြင့် တူးမြောင်းသဖွယ်တူးပစ်ခဲ့ပြီး လမ်း၏နှစ်ဖက်စလုံးကို မြေပုံအကြီးကြီးများဖြင့် ပိတ်ဆို့ခဲ့သည်။ ထို့ကြောင့် ရွာသားများသည် ခြံများအတွင်း ဆိုင်ကယ်များဖြင့်သာ သွားလာ၍ရသော လမ်းသွယ်များကိုသာ အသုံးပြုလာကြရသည်။ ဤသို့လမ်းပိတ်ဆို့ခြင်းကြောင့် ဒေသခံများ၏ သွားလာရေးကို များစွာထိခိုက်စေပြီး ကျန်းမာရေးစောင့်ရှောက်မှုအပါအဝင် မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုများကို အချိန်မီရရှိရန်ကြန့်ကြာမှုများ ဖြစ်ပေါ်စေခဲ့သည်။

(ဂ) **အရပ်သားများအပေါ် မြေမြှုပ်မိုင်း အသုံးပြုခြင်း** – အရပ်သားနယ်မြေများအတွင်း မြေမြှုပ်မိုင်းများထောင်ထားကြောင်း အစီရင်ခံစာများတွင် ဖော်ပြထားသည်။ အသက် ၇၀ အရွယ် အမျိုးသားတစ်ဦးသည် ၎င်း၏ခြံထဲသို့သွားစဉ်၊ ရော်ဘာခြံအနီးၦ မြေမြှုပ်မိုင်းနင်းမိ၍ ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်တစ်ခုလည်း ရှိခဲ့သည်။



*ပုံ – ၄ ) ၂၀၂၃ ခုနှစ်၊ ဧပြီလအတွင်း၊ ကံပေါက်နှင့် နဘုလယ် အကြားရှိ မြန်မာစစ်တပ်မှ ဖျက်ဆီးခဲ့သော လမ်းပိုင်း။ ဓာတ်ပုံ – ဒေသခံ*

၄။ **အတင်းအဓမ္မ နေရပ်စွန့်ခွာခိုင်းခြင်း** – တိုက်ပွဲများကြောင့် ကံပေါက်ဒေသအတွင်းရှိ ဇာဒီ၊ တောင်ရင်းအင်း၊ ဖားချောင်းနှင့် မိကျောင်းလှောင်း စသည့်ကျေးရွာများမှ ဒေသခံများသည် တောတောင်များထဲသို့သော်လည်းကောင်း၊ အနီးနားရှိ ကျေးရွာများသို့သော်လည်းကောင်း အကြိမ်ကြိမ်ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ဤဒေသမှ စစ်ဘေးရှောင်ဦးရေမှာ ၂၀၂၄ ခုနှစ်တွင် ၃,၀၀၀ ခန့်ရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် ၄,၀၀၀ ခန့်အထိ မြင့်တက်လာခဲ့ကြောင်း ခန့်မှန်းရသည်။[၇] နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည့် ဒေသခံများသည် စစ်တပ်၏ အခြေစိုက်လှုပ်ရှားမှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများ ဆက်လက်ရှိနေခြင်းကြောင့် ၎င်းတို့၏နေအိမ်များသို့ မပြန်နိုင်ဘဲ ဖြစ်နေကြရသည်။ အချို့ဖြစ်စဉ်များတွင် စစ်တပ်က ရွာသားများကို နေရပ်ပြန်ရန်ညွှန်ကြားသော်လည်း၊ တိုက်ပွဲများထပ်မံဖြစ်ပွားမည်ကို စိုးရိမ်သောကြောင့် ရွာသားများမှာ ပြန်ရန်မဝံ့မရဲဖြစ်နေကြသည်။ ခရီးသွားလာရန်နှင့် သယ်ယူပို့ဆောင်ရန်အတွက် ကုန်းလမ်းနှင့် ရေလမ်းနှစ်မျိုးလုံးကို အသုံးပြုရန်လိုအပ်သော်လည်း ကျေးရွာအချင်းချင်း ဆက်သွယ်ထားသော လမ်းအများအပြားမှာ ပိတ်ဆို့ခံထားရသည်။ ဇာဒီကျေးရွာအုပ်စုမှ စစ်ဘေးရှောင်အမျိုးသမီးတစ်ဦး၏ ပြောပြချက်အရ၊ မြေမြှုပ်မိုင်းအန္တရာယ်မှာလည်း ခြိမ်းခြောက်မှုတစ်ခုအဖြစ် ရှိနေဆဲဖြစ်သည်။

၅။ **လွတ်လပ်စွာသွားလာခွင့်ကို ကန့်သတ်ခြင်း** – အာဏာသိမ်းပြီးနောက်ပိုင်းကာလတွင် စစ်တပ်သည် တင်းကျပ်သောစည်းမျဉ်းများကိုချမှတ်ခဲ့ပြီး ညမထွက်ရအမိန့်များနှင့် စစ်ဆေးရေးဂိတ်များကို တိုးမြှင့်ချထားခဲ့ရာ သွားလာရေး၊ သယ်ယူပို့ဆောင်ရေးနှင့် မရှိမဖြစ်လိုအပ်သော ကုန်စည်များကို ရယူနိုင်ရန်အတွက် အခက်အခဲများစွာဖြစ်ပေါ်စေခဲ့သည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့်၊ ဒေသခံတို့၏ အသက်မွေးဝမ်းကျောင်းမှုအပေါ် ဆိုးကျိုးများစွာ သက်ရောက်စေခဲ့ပြီး ဒေသတွင်းဝင်ငွေများကျဆင်းလာခြင်းနှင့် ဆန်၊ ဆေးဝါးနှင့် စားဆီကဲ့သို့သော အခြေခံကုန်စည်ဈေးနှုန်းများ မြင့်တက်လာခြင်းတို့ကို ဖြစ်ပေါ်စေခဲ့သည်။ လွတ်လပ်စွာသွားလာခွင့်ကို ချိုးဖောက်သည့် လုပ်ရပ်များတွင် အောက်ပါတို့ ပါဝင်သည် –

(က) **ဆိုင်ကယ်စီးနင်းခွင့် ပိတ်ပင်ခြင်း** – ကံပေါက်ကျေးရွာအုပ်စု၏ စစ်ကောင်စီခန့် အုပ်ချုပ်ရေးမှူး အပါအဝင် လူသုံးဦး ဆိုင်ကယ်စီးလာစဉ် PDF အဖွဲ့ဝင်များ၏ပစ်ခတ်မှုကိုခံရပြီးနောက် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့မှစတင်၍ ကံပေါက်ဒေသတစ်ဝိုက်ရှိ ကျေးရွာ ၁၀ ရွာ၌ ဆိုင်ကယ်စီးနင်းခွင့်ကို ပိတ်ပင်ခဲ့သည်။ ဒေသခံများသည် စက်ဘီးနှင့် သုံးဘီးဆိုင်ကယ်များကိုသာ အားကိုးနေရသဖြင့် အချိန်ပိုကုန်ကာ ကုန်ကျစရိတ်လည်း ပိုမိုများပြားလာသည်။ ဤပိတ်ပင်မှုသည် နေ့စားအလုပ်သမားများ၊ အထူးသဖြင့် ဆိုင်ကယ်တက္ကစီဆွဲသူများ၏ အသက်မွေးဝမ်းကျောင်းမှုအပေါ် ပြင်းထန်စွာထိခိုက်စေခဲ့ပြီး၊ လူအများအပြား အလုပ်လက်မဲ့ဖြစ်ခဲ့ရသည်။

(ခ) **စစ်ဆေးရေးဂိတ်များ** – မြို့နယ်တစ်ဝှမ်းရှိ ကျေးလက်လမ်းမများပေါ်တွင် လုံခြုံရေးအကြောင်းပြချက်ဖြင့် စစ်ဆေးရေးဂိတ်များကို သိသိသာသာတိုးမြှင့်ချထားသော်လည်း၊ လက်တွေ့တွင်မူ သွားလာမှုကို ထိန်းချုပ်ရန်နှင့် တော်လှန်ရေးအဖွဲ့များထံစီးဆင်းမည့် ထောက်ပံ့မှုများကို ဖြတ်တောက်ရန်အတွက် အသုံးပြုနေခြင်းဖြစ်သည်။ စစ်ဆေးရေးဂိတ်များတွင် စစ်ကောင်စီမှ

[၇] FE5 Report

လေ့ကျင့်ပေးပြီး လက်နက်တပ်ဆင်ပေးထားသော ပျူစောထီးပြည်သူ့စစ်များက စစ်သားများ၊ ရဲများနှင့်အတူ ပူးပေါင်းလုပ်ဆောင်နေကြသည်။ အဆိုပါစစ်ဆေးရေးဂိတ်များတွင်၊ မော်တော်ယာဉ်များကို ရပ်တန့်စေကာ ဖုန်းနှင့် အိတ်များကို စစ်ဆေးလေ့ရှိသည်။ ထို့အပြင်၊ ရှောင်တခင် စစ်ဆေးရေးဂိတ်များမှာလည်း ပုံမှန်ဖြစ်ရိုးဖြစ်စဉ်လို ဖြစ်နေသည်။ မိုဘိုင်းဖုန်းများအတွင်းမှ သံသယဖြစ်ဖွယ် ဓာတ်ပုံများ သို့မဟုတ် မက်ဆေ့များတွေ့ရှိသည်ဟုဆိုကာ ဖမ်းဆီးမှုများရှိနေကြောင်း သတင်းပေးပို့ချက်များ အရသိရသည်။ ရွာသားများသည် ၎င်းတို့၏ ဥယျာဉ်ခြံမြေများသို့ သွားရောက်ရန်အတွက်ပင် "ခွင့်ပြုမိန့်လက်မှတ်"များ ရယူနေရသဖြင့် သွားလာခွင့်မှာ ပိုမိုကန့်သတ်ခံထားရသကဲ့သို့ ဖြစ်နေသည်။ စစ်ဆေးရေးဂိတ်များကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးပို့မှုကို ကန့်သတ်ရန်အတွက်လည်း အသုံးပြုနေကြသဖြင့်၊ မရှိမဖြစ်လိုအပ်သော အကူအညီများကိုရယူနိုင်ရန် ခက်ခဲစေသည်။ ကံပေါက်ဒေသမှ ယာဉ်မောင်းတစ်ဦးက "စစ်ဆေးရေးဂိတ်တွေကြားမှာ ညှိနှိုင်းဆောင်ရွက်မှု ဒါမှမဟုတ် တပြေးညီသတ်မှတ်ချက်ဆိုတာ မရှိဘူး။ တချို့ဖြစ်စဉ်တွေမှာ၊ ဂိတ်တစ်ခုက ဆန်သယ်တာကို ခွင့်ပြုပေးပေမဲ့ နောက်ထပ်ဂိတ်တစ်ခုကျတော့ အဲဒီဆန်တွေကို သယ်ခွင့်မပေးဘဲ သိမ်းယူလိုက်တာမျိုးတွေရှိတယ်" ဟုဆိုသည်။ မကြာသေးမီက ထွက်ပေါ်လာသော အစီရင်ခံစာများအရ၊ ကလိန်အောင်လမ်းပေါ်တွင် စစ်ဆေးရေးဂိတ် နှစ်ခု၊ သဲချောင်း၊ ဖောင်းတောနှင့် မင်းသားကျေးရွာအုပ်စုများတွင် ပျူစောထီးစစ်ဆေးရေးဂိတ်သုံးခုနှင့် ပယကျေးရွာတွင် ရေတပ်စစ်ဆေးရေးဂိတ်တစ်ခုတို့ရှိနေပြီး ယင်းတို့မှာ ဒေသခံ PDF များ၏ လှုပ်ရှားမှုကို ကန့်သတ်ရန်ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။



*ပုံ – ၅ ) ဆိုင်ကယ်စီးနင်းခွင့် ပိတ်ပင်ပြီးနောက် ကံပေါက်ကျေးရွာတွင် အသုံးပြုနေကြသည့် သုံးဘီး ဆိုင်ကယ်များ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ။ ဓာတ်ပုံ – ဒေသခံ*

## ၆။ အရပ်သားပိုင် ပစ္စည်းဥစ္စာများကို တိုက်ခိုက်ခြင်းနှင့် ဖျက်ဆီးခြင်း

**(က) နေအိမ်များကို မီးရှို့ခြင်း –** စစ်ကောင်စီတပ်ဖွဲ့များ ကျေးရွာများအတွင်းသို့ ဝင်ရောက်လာချိန်တွင် နေအိမ်များကို မီးရှို့ဖျက်ဆီးလေ့ရှိကြောင်း သတင်းပေးပို့ချက်များ မကြာခဏထွက်ပေါ်လျက်ရှိသည်။ စစ်တပ်က ကျေးရွာများအတွင်း ဝင်ရောက်တပ်စွဲပြီးနောက်တွင် ရွာလုံးကျွတ်မီးရှို့ခြင်းများ ပြုလုပ်ကြသည်။ ဖြစ်စဉ်တစ်ခုအနေဖြင့်၊ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၄ ရက်နှင့် စက်တင်ဘာလ ၂ ရက်နေ့ကြားတွင် ရေဖြူမြို့နယ်၊ ဖားချောင်းကျေးရွာအုပ်စု၊ တောင်ရင်းအင်းကျေးရွာ၌ စစ်တပ်ကတပ်စွဲထားစဉ်အတွင်း နေအိမ် ၂၀ ခန့်ကို မီးရှို့ဖျက်ဆီးခဲ့သည်။ ရွာသားတစ်ဦး၏ ပြောကြားချက်အရ “ဘုန်းကြီးကျောင်းမှာ သိမ်းထားတဲ့ ဆိုင်ကယ်တွေကိုလည်း စစ်သားတွေက အင်ဂျင်ဝိုင်တွေဖောက်ထုတ်ပြီး အင်ဂျင်ထဲကို သဲတွေထည့်ကာ တမင် တကာ ပျက်စီးအောင် လုပ်သွားကြတယ်” ဟုသိရသည်။



*ပုံ – ၆ ) စစ်တပ်၏ မီးရှို့ဖျက်ဆီးခြင်း ခံခဲ့ရသော ဖားချောင်းကျေးရွာရှိ နေအိမ်များ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ။ ဓာတ်ပုံ – ဒေသခံ*

(ခ) **ယာဉ်များကို သိမ်းဆည်းခြင်း** – ၂၀၂၁ ခုနှစ် အာဏာသိမ်းကာလပြီးစကာလ၊ ဆန္ဒပြပွဲများအတွင်း အရပ်သားပိုင်ဆိုင်ကယ် အစီးရေ ၂၀၀ ခန့် အသိမ်းခံခဲ့ရသည်။ ထို့အပြင်၊ စစ်တပ်မှ လူနေရပ်ကွက်များအတွင်းသို့ ဝင်ရောက်လာသည့်အခါတိုင်း အရပ်သားပိုင်ယာဉ်များကို သိမ်းဆည်းသည့် လုပ်ရပ်များမှာလည်း ယနေ့တိုင် ဆက်လက်ဖြစ်ပွားနေပါသည်။

## ၇။ အခြေခံအဆောက်အအုံများကို ဖျက်ဆီးခြင်း

(က) **ဖုန်းနှင့် အင်တာနက်လိုင်းများကို ကန့်သတ်ခြင်း** – တိုက်ပွဲများဖြစ်ပွားနေသည့် ကာလအတွင်း စစ်တပ်က ဖုန်းနှင့် အင်တာနက်ဝန်ဆောင်မှုများကို ဖြတ်တောက်လေ့ရှိသည်။ ဥပမာအားဖြင့် – ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် စစ်ကောင်စီတပ်နှင့် PDF များအကြား တိုက်ပွဲဖြစ်ပွားနေစဉ် မင်းသားကျေးရွာအုပ်စုအတွင်း ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ခံခဲ့ရသည်။ ဤသို့ ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ခံရခြင်းကြောင့် ဒေသခံများသည် နောက်ဆုံးရသတင်းအချက်အလက်များကို မရရှိနိုင်တော့ဘဲ မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများနှင့်လည်း အဆက်အသွယ်ပြတ်တောက်သွားခဲ့ရသည်။

(ခ) **လျှပ်စစ်မီးပေးဝေမှုကို ရည်ရွယ်ချက်ရှိရှိ အနှောင့်အယှက်ပေးခြင်း** – ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကလိန်အောင်၊ ကံပေါက်ရေကန်တောင်ရှိ စစ်ကောင်စီအခြေစိုက်စခန်းတစ်ခုကို ဒေသခံတော်လှန်ရေးအင်အားစုများက တိုက်ခိုက်သိမ်းပိုက်ပြီးနောက်တွင် လျှပ်စစ်မီးနှင့် ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ခံခဲ့ရပြီး၊ ထိုအတိုင်းပင် ဆက်လက်ပြတ်တောက်နေခဲ့သည်။ အောက်တိုဘာလ ၂၀ ရက်နေ့တွင် စစ်သား ၁၀၀ ခန့်သည် ဇာဒီကျေးရွာအတွင်းသို့ ဝင်ရောက်လာပြီး နေအိမ်အချို့နှင့် ဘုန်းကြီးကျောင်းတွင် တပ်စွဲခဲ့ကြသည်။ ထိုသို့ စစ်တပ်က ဝင်ရောက်တပ်စွဲပြီးနောက်မှ တစ်နှစ်နီးပါး ပြတ်တောက်နေခဲ့သော လျှပ်စစ်မီးကို ပြန်လည်ရရှိခဲ့သည်။

## ၈။ အသက်မွေးဝမ်းကျောင်းမှုနှင့် စီးပွားရေးအရ ရှင်သန်ရပ်တည်မှုကို တိုက်ခိုက်ခြင်း

**အသက်မွေးဝမ်းကျောင်းမှုနှင့် စီးပွားရေးအရ ရှင်သန်ရပ်တည်မှုကို တိုက်ခိုက်ခြင်း** – စစ်တပ်၏ ကင်းလှည့်မှုများနှင့် တပ်ဖြန့်ချထားမှုများကြောင့် အရပ်သားများသည် ၎င်းတို့၏ လယ်ယာစိုက်ခင်းများနှင့် ဥယျာဉ်ခြံမြေများသို့ သွားရောက်လုပ်ကိုင်နိုင်ခြင်း မရှိတော့ပေ။ ဥပမာအားဖြင့် – ပယ၊ ရှားကုန်းနှင့် ဇာဒီကျေးရွာအုပ်စုများအတွင်းရှိ စစ်တပ်စခန်းများနှင့် တပ်စွဲထားသော နေရာများအနီးတွင် စစ်ကြောင်းများ လှုပ်ရှားကင်းလှည့်နေခြင်းကြောင့် ရွာသားများသည် ၎င်းတို့၏ ရော်ဘာခြံများနှင့် သီးနှံခြံများသို့ သွားရောက်ရိတ်သိမ်းရန် အလွန်အမင်းကြောက်ရွံ့နေကြရသည်။ ရော်ဘာခြံပိုင်ရှင်တစ်ဦး၏ ပြောကြားချက်အရ "၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ရော်ဘာအစေးခြစ်ရာသီတုန်းက ခန့်မှန်းခြေ ရော်ဘာဇက ၅၀ လောက်ကို အစေးမခြစ်ခဲ့ရဘူး" ဟုဆိုသည်။

# ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်း ကမ်းလွန်သဘာဝဓာတ်ငွေ့ဝင်ငွေနှင့် စစ်စရိတ်သုံးစွဲမှု

ပင်မကမ်းလွန်ဓာတ်ငွေ့စီမံကိန်းကြီးလေးခုဖြစ်သည့် ရတနာ၊ ရဲတံခွန်၊ ရွှေ နှင့် ဇောတိကစီမံကိန်းများမှ ထွက်ရှိမှုသည် အဓိကအားဖြင့် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့ထံ ပိုက်လိုင်းများမှတစ်ဆင့် ရောင်းချခြင်းဖြင့် ရေရှည်တည်တံ့သော ပို့ကုန်ဝင်ငွေများကို ရရှိစေခဲ့သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းပြီး ချိန်မှစ၍၊ ဤဝင်ငွေများအပေါ်ထိန်းချုပ်မှုကို ယခုအခါ စစ်ကောင်စီ၏ အာဏာစက်အောက်တွင် တိုက်ရိုက်လည်ပတ်နေသော နိုင်ငံပိုင်လုပ်ငန်းတစ်ခုဖြစ်သည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) လက်အောက်၌ စုစည်းထားရှိသည်။

ခိုင်ကြေး (Royalties)၊ အကျိုးအမြတ်ခွဲဝေမှုအစီအစဉ်များ၊ အခွန်အခများနှင့် ပိုက်လိုင်းဖြတ်သန်းခများမှ တစ်ဆင့် MOGE ထံသို့ စီးဝင်လာသောဝင်ငွေများသည် စစ်ကောင်စီ၏ အကြီးမားဆုံးသော နိုင်ငံခြားငွေ အရင်းအမြစ်ဖြစ်ကြောင်း လူ့အခွင့်အရေးအဖွဲ့အစည်းများ၊ ပိတ်ဆို့အရေးယူမှုဆိုင်ရာ ကျွမ်းကျင်သူများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများက ကျယ်ကျယ်ပြန့်ပြန့် အတည်ပြုထားကြသည်။[၉] အာဏာသိမ်းပြီး နောက်ပိုင်း သိသိသာသာကျဆင်းသွားသော အခြားစီးပွားရေးကဏ္ဍများနှင့်မတူဘဲ၊ ကမ်းလွန်ဓာတ်ငွေ့တင်ပို့မှုမှာ များသောအားဖြင့် အနှောင့်အယှက်မရှိ ဆက်လက်လည်ပတ်နေသဖြင့်၊ စစ်အစိုးရအတွက် တည်ငြိမ်သော အမေရိကန်ဒေါ်လာ စီးဝင်မှုကိုရရှိစေသည်။ တာနယ် (၂၀၂၁၊ ၂၀၂၂) ၏ မှတ်ချက်အရ၊ ကမ်းလွန်ဓာတ်ငွေ့ဝင်ငွေများကိုရရှိနိုင်ခြင်းသည် မြန်မာစစ်အုပ်ချုပ်သူများကို ပြည်တွင်းစီးပွားရေးဖိအားများမှ သမိုင်းအစဉ်အဆက် အကာအကွယ်ပေးထားနိုင်ခဲ့ပြီး၊ အထွေထွေစီးပွားရေးအကျပ်အတည်းများ ကြုံတွေ့ရချိန်တွင်ပင် အဓမ္မအာဏာစက်ယန္တရားများအတွက် ဆက်လက်သုံးစွဲနိုင်ရန် လမ်းဖွင့်ပေးထားခဲ့သည်။[၁၀]

အာဏာသိမ်းပြီးနောက်ပိုင်းတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ဝင်ငွေစီးဆင်းမှုနှင့် ပတ်သက်၍ တိုက်ရိုက်ဖြစ်စေ၊ ပွင့်လင်းမြင်သာစွာဖြစ်စေ ထုတ်ပြန်ကြေညာခြင်းများ ရပ်တန့်သွားခဲ့သည်။ လွတ်လပ်သောဘုတ်အဖွဲ့ဝင်များကို ဖယ်ရှားလိုက်ခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာ အကာအကွယ်ပေးမှုယန္တရားများ ပြိုလဲသွားခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ သယံဇာတတူးဖော်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးအစီအစဉ် (MEITI) ၏ အစီရင်ခံမှုများမှာလည်း ရပ်ဆိုင်းသွားခဲ့သည်။[၁၁] ရလဒ်အနေဖြင့် ကမ်းလွန်ဓာတ်ငွေ့တင်ပို့မှု တန်ဖိုးစုစုပေါင်းအနက် မည်မျှပမာဏသည် MOGE ထံသို့ စီးဝင်ပြီး၊ မည်မျှပမာဏသည် စစ်တပ်ထိန်းချုပ်ထားသော ဘဏ်စာရင်းများထဲသို့ နောက်ဆုံးတွင် ရောက်ရှိသွားသနည်းဟူသော တရားဝင်အချက်အလက်များကို လူထုအနေဖြင့် သိရှိနိုင်ခြင်းမရှိတော့ပေ။ ဤသို့ ပွင့်လင်းမြင်သာမှုမရှိခြင်းသည် သယံဇာတမှရရှိ

[၈] Justice For Myanmar (2021). Myanmar's Oil and Gas Revenues and the Military Coup.

[၉] Human Rights Watch (2022). Myanmar: Gas Revenues Fuel Junta Abuses.

[၁၀] Turnell, S. (2021). Myanmar's Economy in Crisis. Lowy Institute; Turnell, S. (2022). The Political Economy of Military Rule in Myanmar.

[၁၁] Myanmar Extractive Industries Transparency Initiative (MEITI) (2021). Suspension of Reporting and Governance Mechanism.

သောဝင်ငွေများကို အစိုးရဘတ်ဂျက်ပြင်ပမှနေ၍ အရပ်ဘက်စောင့်ကြည့်စစ်ဆေးမှုကင်းလွတ်စွာ စီမံခန့်ခွဲနိုင်သည့် စစ်တပ်၏လုပ်ပိုင်ခွင့်ကို ပိုမိုခိုင်မာစေခဲ့သည်။[၁၂] ၎င်းမှာ၊ မြန်မာနိုင်ငံ၏ သဘာဝသယံဇာတဆိုင်ရာ နိုင်ငံရေးစီးပွားရေး၏ ကာလရှည်ကြာစွာ တည်ရှိနေခဲ့သော ပုံစံတစ်ခုပင်ဖြစ်သည်။

တရားဝင်ထုတ်ပြန်ကြေညာချက်များ မရှိတော့သော်လည်း၊ ကမ်းလွန်သဘာဝဓာတ်ငွေ့တင်ပို့မှုတန်ဖိုး ခန့်မှန်းချက်များကို ကုလသမဂ္ဂကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ၊ တရုတ်နိုင်ငံအကောက်ခွန်ဆိုင်ရာ ကိန်းဂဏန်းများ၊ ထိုင်းနိုင်ငံ အကောက်ခွန်အချက်အလက်များနှင့် လွတ်လပ်သော ကျွမ်းကျင်သူများ၏ ဆန်းစစ်ချက်များမှတစ်ဆင့် တွက်ချက်ရယူနိုင်ပါသည်။ အဆိုပါအရင်းအမြစ်များမှ တပြေးညီဖော်ပြချက်များအရ၊ မြန်မာနိုင်ငံသည် အာဏာမသိမ်းမီနှင့် အာဏာသိမ်းပြီးနောက်ပိုင်းကာလများတွင် သဘာဝဓာတ်ငွေ့တင်ပို့မှုမှ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃ ဘီလီယံမှ ၄ ဘီလီယံခန့်အထိ နှစ်စဉ်ရရှိနေပြီး၊ ထိုင်းနိုင်ငံသည် အဓိကဝယ်ယူသူအဖြစ် ဆက်လက်တည်ရှိနေကာ တရုတ်နိုင်ငံသည် ဒုတိယအကြီးဆုံး တည်ငြိမ်သည့် ဈေးကွက်တစ်ခု ဖြစ်နေသည်ကို တွေ့ရှိရသည်။[၁၃]

| ခုနှစ် | တရုတ် (အမေရိကန် ဒေါ်လာ ဘီလီယံ) | ထိုင်း (အမေရိကန် ဒေါ်လာ ဘီလီယံ) | စုစုပေါင်း (အမေရိကန် ဒေါ်လာ ဘီလီယံ) | မှတ်ချက် |
|---|---|---|---|---|
| 2019 | – | – | 3.9 | မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် MEITI အချက်အလက်များ (၂၀၁၈–၁၉ ဘဏ္ဍာရေးနှစ် – အဓိကအားဖြင့် ကမ်းလွန်သဘာဝဓာတ်ငွေ့) |
| 2020 | – | – | 3.5 | မြန်မာနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အချက်အလက်များ (၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်) |
| 2021 | 1.4 | 1.7 | 3.1 | ထိုင်းနှင့် တရုတ်နိုင်ငံတို့၏ အကောက်ခွန်အချက်အလက်များအပေါ် အခြေခံထားသော ခန့်မှန်းချက်များ |
| 2022 | 1.4 | 2.4 | 3.8 | အာဏာသိမ်းပြီးနောက်ပိုင်း ပိုက်လိုင်းမှတစ်ဆင့် ဆက်လက် တင်ပို့နေမှုများ |
| 2023 | 1.4 | 2.0 | 3.4 | ပိတ်ဆို့အရေးယူမှုများရှိသော်လည်း ထိုင်းနိုင်ငံသို့ ဓာတ်ငွေ့တင်ပို့မှု အားကောင်းနေဆဲဖြစ်ခြင်း |
| 2024 | – | – | 2.5 | ဧပြီလမှ ဒီဇင်ဘာလအထိ တစ်စိတ်တစ်ပိုင်း ရရှိထားသော အချက်အလက်များ |

[၁၂] Kolås, Å. & Vik, E. (2018). Natural Resources and Peace in Myanmar.

[၁၃] UN Comtrade Database; China General Administration of Customs; Thailand Customs Department (various years).

*မှတ်ချက်။ ။ ဤကိန်းဂဏန်းများသည် သဘာဝဓာတ်ငွေ့ တင်ပို့မှုမှရရှိသော စုစုပေါင်းတန်ဖိုးကိုသာ ကိုယ်စားပြုပြီး စစ်ကောင်စီထံသို့ တိုက်ရိုက်လွှဲပြောင်းပေးအပ်သည့် အသားတင်ဝင်ငွေမဟုတ်ပါ။ စီမံကိန်းလုပ်ဆောင်သူများက လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ်များကို ပြန်လည်နုတ်ယူပြီးနောက်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ အမြတ်ခွဲဝေမှုများ ပြုလုပ်ပြီးနောက်တွင် MOGE ထံသို့ အမှန်တကယ်ပေးချေသည့် ပမာဏမှာမူ လူထုအားထုတ်ပြန်ကြေညာခြင်းမရှိဘဲ ပွင့်လင်းမြင်သာမှုမရှိဘဲ ဆက်လက်တည်ရှိနေပါသည်။*

Human Rights Watch နှင့် Justice For Myanmar အပါအဝင် လူ့အခွင့်အရေးအဖွဲ့အစည်းများစွာတို့၏ ခန့်မှန်းချက်များအရ၊ ကမ်းလွန်ဓာတ်ငွေ့စီမံကိန်းများသည် စစ်ကောင်စီအတွက်နှစ်စဉ် နိုင်ငံခြားငွေဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်ကို ရှာဖွေပေးလျက်ရှိပြီး၊ ၂၀၂၁ ခုနှစ်မှစ၍ သဘာဝဓာတ်ငွေ့သည် စစ်အစိုးရ၏အရေးအကြီးဆုံးသော ပြည်ပဝင်ငွေအရင်းအမြစ် ဖြစ်လာခဲ့သည်။[၃၄] မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ မှတ်တမ်းများအရ၊ ပစ်မှတ်ထားပိတ်ဆို့အရေးယူမှုများရှိနေသော်လည်း များပြားလှသော ဓာတ်ငွေ့ပေးချေမှုများသည် ဆက်လက်စီးဆင်းနေဆဲဖြစ်ပြီး၊ အဆိုပါ ဝင်ငွေများကို ပိတ်ဆို့အရေးယူမှုတွင် မပါဝင်သော ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းဘဏ်လုပ်ငန်းလမ်းကြောင်းများ၊ အထူးသဖြင့် ထိုင်းနိုင်ငံရှိ စီးပွားရေးဘဏ်များမှတစ်ဆင့် လွှဲပြောင်းပေးပို့နေကြခြင်းဖြစ်သည်။[၃၅]

၂၀၂၂–၂၀၂၃ ကာလအတွက် ကုလသမဂ္ဂ၏ အနှစ်ချုပ်အစီရင်ခံစာအရ၊ ထိုင်းနိုင်ငံတစ်ခုတည်းမှ သဘာဝဓာတ်ငွေ့ပေးချေမှု အနည်းဆုံး အမေရိကန်ဒေါ်လာ ၆၆၀ သန်းသည် စစ်တပ်ထိန်းချုပ်ထားသော ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) ထံသို့ ဆက်လက်စီးဝင်ခဲ့သည်ဟု ခန့်မှန်းထားသည်။၁၆ ဤကဲ့သို့ အဆက်မပြတ် စီးဝင်နေသော ဝင်ငွေများဖြင့် စစ်ကောင်စီသည် လက်နက်ဝယ်ယူခြင်း၊ လေယာဉ်ဆီ ဝယ်ယူခြင်းနှင့် ပြည်တွင်းလုံခြုံရေး စစ်ဆင်ရေးများအပါအဝင် စစ်ဘက်ဆိုင်ရာ အသုံးစရိတ်များကို မြင့်မားသောအဆင့်တွင် ဆက်လက်ထိန်းထားနိုင်စေရန် အထောက်အပံ့ဖြစ်စေခဲ့သော်လည်း ကျန်းမာရေး၊ ပညာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အများပြည်သူဆိုင်ရာ အသုံးစရိတ်များမှာ သိသိသာသာ ကျဆင်းလျက် ရှိသည်။[၃၇] ထို့ကြောင့်၊ ကမ်းလွန်သဘာဝဓာတ်ငွေ့ဝင်ငွေများသည် အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ စစ်စီးပွားရေးအတွက် အခြေခံအုတ်မြစ်သဖွယ်ဖြစ်နေပြီး၊ စစ်မက်ဖြစ်ပွားမှုနှင့် အာဏာရှင်အုပ်ချုပ်ရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက် စစ်တပ်၏ စွမ်းဆောင်ရည်ကို တိုက်ရိုက်အာမခံချက်ပေးထားခြင်း ပင်ဖြစ်သည်။

---

[၃၄] Justice For Myanmar (2023). Dirty Dollars: Gas Revenues and the Myanmar Military; Human Rights Watch (2023).

[၃၅] UN Special Rapporteur on the Situation of Human Rights in Myanmar (2022, 2023). Reports to the UN Human Rights Council and General Assembly.

[၃၆] UN Office of the High Commissioner for Human Rights (2023). Conference Room Paper on Economic Interests of the Myanmar Military.

[၃၇] UNDP (2023). Myanmar Human Development Update; UN Special Rapporteur (2023).

## မြန်မာ့စွမ်းအင်ကဏ္ဍအတွင်း ဒေသတွင်းကုမ္ပဏီများ တိုးချဲ့ဝင်ရောက်လာမှု

နိုင်ငံတကာ၏ ဖိအားများနှင့် မူဝါဒပိုင်းဆိုင်ရာ တားမြစ်ပိတ်ပင်မှုများရှိနေသော်လည်း ထိုင်းနိုင်ငံ၏ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကစွမ်းအင်ကုမ္ပဏီများသည် မြန်မာ့ကမ်းလွန်ဓာတ်ငွေ့ကဏ္ဍတွင် အဓိကမိတ်ဖက်များအဖြစ် ဆက်လက် တည်ရှိနေကြသည်။ ယင်းတွင် မင်းရဲသူ[၁၈] စီမံကိန်းကဲ့သို့သော လုပ်ကွက်သစ်များတွင် ပါဝင်လာခြင်းနှင့် ရှိနှင့်ပြီးသားလုပ်ကွက်ဟောင်းများ၌ တွင်းအသစ်များ တိုးချဲ့တူးဖော်ရန် ဆွေးနွေးမှုများအပြင်၊ TotalEnergies နှင့် Chevron တို့ ထွက်ခွာသွားပြီးနောက် ရတနာစီမံကိန်းတွင် ရှယ်ယာများတိုးမြှင့်ရယူခဲ့ခြင်းတို့ ပါဝင်သည်။ လက်ရှိတွင် ရတနာစီမံကိန်း၌ PTTEP ၏ ရှယ်ယာပိုင်ဆိုင်မှုမှာ ၆၂.၉၆ ရာခိုင်နှုန်း[၁၉] နှင့် ဇော်တိကစီမံကိန်း[၂၀] ၌ ၈၀ ရာခိုင်နှုန်းရှိနေပြီး စစ်ကောင်စီထိန်းချုပ်ထားသော နိုင်ငံပိုင်လုပ်ငန်းဖြစ်သည့် MOGE ၏ ရှယ်ယာမှာလည်း ၁၅ ရာခိုင်နှုန်းမှ ၃၇.၀၄ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။ တစ်ချိန်တည်းမှာပင်၊ ထိုင်း PTTEP သည် ထုတ်လုပ်မှုကို ဆက်လက်ထိန်းထားရန် ၂၀၂၅-၂၆ ခုနှစ်အထိ တွင်းအသစ်များ ထပ်မံတူးဖော်ရန်နှင့် သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။[၂၁] ထိုင်းနိုင်ငံပိုင် "Gulf Petroleum Myanmar Ltd" သည် မင်းရဲသူလုပ်ကွက် M-10 အတွက် စူးစမ်းရှာဖွေခြင်း၊ တူးဖော်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် အကျိုးတူပူးပေါင်းဆောင်ရွက်မှုစာချုပ်ကို ၂၀၂၅ ခုနှစ်၊ မေလတွင် MOGE နှင့် လက်မှတ်ရေးထိုးခဲ့သည်။[၂၂]

ထို့အပြင် မိခင်ကုမ္ပဏီဖြစ်သော PTT Public Company Limited သည် ထိုင်းဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ ထိုင်းနိုင်ငံပိုင်လုပ်ငန်းတစ်ခုဖြစ်ပြီး၊ ၎င်းသည် အမေရိကန်ဒေါ်လာမှ ထိုင်းဘတ်ငွေသို့ ငွေကြေးလဲလှယ်ပေးခြင်းနှင့် ပေးချေမှုများကို ကူညီဆောင်ရွက်ပေးခြင်းဖြင့် ပိတ်ဆို့အရေးယူမှုများရှိနေလင့်ကစား ဓာတ်ငွေ့တင်ပို့မှုများကို ဆက်လက်တည်တံ့အောင် ပံ့ပိုးပေးလျက်ရှိသည်။

## နိုင်ငံတကာအသိုက်အဝန်းသို့ တိုက်တွန်းနှိုးဆော်ခြင်းနှင့် လှုပ်ရှားမှုများ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းမှု ဖြစ်ပွားပြီးနောက်တွင် မြန်မာနိုင်ငံအခြေစိုက် သယံဇာတစီမံအုပ်ချုပ်မှုနှင့် အခွင့်အရေးဆိုင်ရာတက်ကြွလှုပ်ရှားသူများသည် နိုင်ငံတကာ အသိုက်အဝန်းထံသို့ အရေးပေါ်တိုက်တွန်းနှိုးဆော်မှုများ ပြုလုပ်ခဲ့ကြသည်။ ထိုသို့ လုပ်ဆောင်ရာတွင် နိုင်ငံတကာကော်ပိုရေးရှင်းကြီးများ၊ သယံဇာတတူးဖော်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိစေရေးအစီအစဉ် (EITI)

[၁၈] https://www.usasean.org/article/first-offshore-gas-project-awarded-coup

[၁၉] https://www.bangkokpost.com/business/general/2773558/pttep-stake-in-myanmar-gas-field-rises-after-chevron-exit

[၂၀] https://progressivevoicemyanmar.org/2025/11/09/statement-on-thailands-pursuit-of-new-gas-projects-that-channel-blood-money-to-the-myanmar-criminal-junta/

[၂၁] https://energy.frontiermyanmar.com/pttep-reports-2024-production-yadana-zawtika

[၂၂] https://www.upstreamonline.com/exploration/myanmar-junta-awards-first-offshore-psc-since-2021-coup/2-1-1826930?zephr_sso_ott=dBKs3A

နှင့် အနောက်နိုင်ငံအစိုးရများအနေဖြင့် အာဏာသိမ်းသည့်နေ့မှစ၍ စစ်ကောင်စီ၏ တိုက်ရိုက်ထိန်းချုပ်မှု အောက်သို့ ရောက်ရှိသွားသော မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) ထံသို့ ဝင်ငွေများ ပေးချေနေမှုကိုရပ်တန့်ရန် အထူးတောင်းဆိုခဲ့ကြသည်။[၂၃]

တစ်ချိန်တည်းမှာပင် စစ်တပ်နှင့်ဆက်နွယ်နေသော စီးပွားရေးလုပ်ငန်းများကို စနစ်တကျ သပိတ်မှောက်ခြင်း အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူထုအခြေပြု အာဏာဖီဆန်ရေးလှုပ်ရှားမှုများ ပေါ် ပေါက်လာခဲ့သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှ အလုပ်သမားများသည်လည်း အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင် ပါဝင်ခဲ့ကြပြီး၊ အထူးသဖြင့် ရတနာဓာတ်ငွေ့စီမံကိန်း၏ ကုန်းတွင်းပိုင်းပိုက်လိုင်းစတင်ရာ ကံပေါက်ဒေသရှိ အလုပ်သမားများ၏ပါဝင်မှုမှာ ထင်ရှားခဲ့သည်။[၂၄] ဤလှုပ်ရှားမှုများသည် စစ်အစိုးရအား ဘဏ္ဍာရေးထောက်ပံ့ပေးရာတွင် ဓာတ်ငွေ့ကဏ္ဍ၏ အဓိကကျသောအခန်းကဏ္ဍကို မီးမောင်းထိုးပြခဲ့ပြီး၊ သယံဇာတဝင်ငွေများနှင့် လက်ရှိဖြစ်ပွားနေသော ဖိနှိပ်မှုများကြားမှဆက်နွယ်မှုကို တစ်နိုင်ငံလုံးက အာရုံစိုက်လာအောင် ဆွဲဆောင်နိုင်ခဲ့သည်။

အဖွဲ့ဝင်အနည်းငယ်ဖြင့်စုဖွဲ့ထားသော စိတ်အားထက်သန်သည့် တိုက်တွန်းနှိုးဆော်ရေးအဖွဲ့များ၏ စဉ်ဆက်မပြတ် အသိပညာပေးခြင်းနှင့် လူထုပညာပေးလုပ်ငန်းများကြောင့်၊ လူထုနားလည်သဘောပေါက်မှုများ အထူးသဖြင့် လူငယ်ကွန်ရက်များအကြားတွင် ပိုမိုကျယ်ပြန့်လာခဲ့သည်။ ဤတွန်းအားပေးမှုမှတစ်ဆင့် နောက်ခံအလွှာစုံမှ လူပုဂ္ဂိုလ်များပါဝင်ဖွဲ့စည်းထားသော လူငယ်ဦးဆောင်သည့် Blood Money Campaign လှုပ်ရှားမှုကြီး ပေါ်ပေါက်လာခဲ့သည်။[၂၅] အဆိုပါအုပ်စုများသည် ဒေသတွင်းအဓိကလှုပ်ရှားသူများအဖြစ် ပေါ်ထွက်လာခဲ့ပြီး၊ တာဝန်ယူမှုတာဝန်ခံမှုရှိစေရေးအတွက် အစဉ်တစိုက်တိုက်တွန်းနှိုးဆော်ခြင်းနှင့် စစ်တပ်ထံသို့စီးဝင်နေသော ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ဝင်ငွေလမ်းကြောင်းများကို ဖြတ်တောက်ရန် နိုင်ငံတကာအသိုက်အဝန်းအား တောင်းဆိုခြင်းများကို လုပ်ဆောင်ခဲ့ကြသည်။

ထိုကမ်ပိန်းကို Justice For Myanmar၊ EarthRights International၊ Progressive Voice၊ Burma Campaign UK၊ အမေရိကန်ပြည်ထောင်စုအခြေစိုက် တိုက်တွန်းနှိုးဆော်ရေးအဖွဲ့များနှင့် ALTSEAN-Burma အပါအဝင်၊ ပြည်တွင်းပြည်ပ မဟာမိတ်များနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်ခဲ့သည်။ အတူတကွ ပူးပေါင်းထားသည့် တိုက်တွန်းနှိုးဆော်မှုများ၊ သုတေသနပြုချက်များနှင့် လူထုဖိအားပေးမှုများမှတစ်ဆင့် သိသာထင်ရှားသော တိုးတက်မှုများရရှိခဲ့ပြီး၊ အထူးသဖြင့် စစ်ကောင်စီအားထောက်ပံ့ပေးနေသည့် အဓိက ဝင်ငွေ အရင်းအမြစ်များဖြစ်သော ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းကြီးများမှ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများနှင့် ကော်ပိုရေးရှင်းနောက်ခံပံ့ပိုးသူများကို ပစ်မှတ်ထားရာတွင် အောင်မြင်မှုများရရှိခဲ့သည်။

---

[၂၃] https://arakanoilwatch.com/eiti-suspends-myanmar-campaigners-call-for-upstream-players-to-stop-paying-revenues-to-the-junta/

[၂၄] https://newnaratif.com/in-myanmar-offshore-gas-workers-weigh-strikes-to-cut-junta-funds/

[၂၅] https://bmcmyanmar.com/

ကမ်ပိန်းအဖွဲ့များ၏ အဓိကမှတ်တိုင်များနှင့် ရရှိခဲ့သောအောင်မြင်မှုများမှာ အောက်ပါအတိုင်းဖြစ်သည်–

## ရင်းနှီးမြှုပ်နှံမှုများရုပ်သိမ်းခြင်း – မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှ နိုင်ငံတကာ ကုမ္ပဏီများ ထွက်ခွာခြင်း

| ကုမ္ပဏီ | ထုတ်ပြန်သည့် ရက်စွဲ | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|
| TotalEnergies | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် | မြန်မာနိုင်ငံရှိ လုပ်ငန်းလည်ပတ်မှုများမှ နုတ်ထွက်မည်ဖြစ်ကြောင်း ကြေညာခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် စတင်အတည်ဖြစ်ခဲ့သည်။ | ရတနာစီမံကိန်းမှ နုတ်ထွက်ခဲ့ခြင်းကြောင့် အနောက်နိုင်ငံများ၏ ပါဝင်ပတ်သက်မှုကို လျော့နည်းသွားစေခဲ့သည်။ |
| Chevron | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် | မြန်မာနိုင်ငံရှိ လုပ်ငန်းများမှ နုတ်ထွက်ရန်ရည်ရွယ်ချက်ရှိကြောင်း ကြေညာခဲ့ပြီး၊ MTI Energy ထံသို့ ရောင်းချရန်စီစဉ်ခဲ့ကာ ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် လုပ်ငန်းစဉ်များ အပြီးသတ်ခဲ့သည်။ | Chevron ၏ ရှယ်ယာပိုင်ဆိုင်မှုမှာ ၄၁ ရာခိုင်နှုန်း ဖြစ်သည်။ |
| Petronas | ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၉ ရက် | ရဲတံခွန် ဓာတ်ငွေ့စီမံကိန်းမှ နုတ်ထွက်မည်ဖြစ်ကြောင်း ကြေညာခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဇွန်လတွင် စတင်အတည်ဖြစ်ခဲ့သည်။ | မလေးရှားနိုင်ငံပိုင် ရေနံကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုများ ရုပ်သိမ်းခဲ့သည်။ |
| Woodside Petroleum | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် | မြန်မာ့ကမ်းလွန်စီမံကိန်းများမှ နုတ်ထွက်ခဲ့သည်။ | ဩစတြေးလျ စွမ်းအင်ကုမ္ပဏီ ထွက်ခွာခဲ့သည်။ |

| | | | |
|---|---|---|---|
| Puma Energy | ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၇ ရက် | မြန်မာနိုင်ငံ၏ လေယာဉ်ဆီ ဖြန့်ဖြူးရေးလုပ်ငန်းများမှ နုတ်ထွက်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ (Trafigura နှင့် သဘောတူညီချက်အရ) | ပါပူအာနယူးဂီနီအခြေစိုက် စွမ်းအင်ကုမ္ပဏီ၏ လုပ်ငန်းများ ရုပ်သိမ်းခဲ့သည်။ |
| ENEOS (JX Nippon) | ၂၀၂၂ ခုနှစ်၊ မေလ ၂ ရက် | ရှယ်ယာရှင်များအစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံရှိ လုပ်ငန်းများမှ နုတ်ထွက်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ | ဂျပန်နိုင်ငံ၏ အကြီးဆုံး ရေနံချက်လုပ်ရေးကုမ္ပဏီ ထွက်ခွာခဲ့သည်။ |
| Mitsubishi Corporation | ၂၀၂၂ ခုနှစ် | မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှုများမှ နုတ်ထွက်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ | ပိုမိုကျယ်ပြန့်သော ကော်ပိုရိတ်များ၏ ရင်းနှီးမြှုပ်နှံမှုရုပ်သိမ်းခြင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ |

ဤသို့ ရင်းနှီးမြှုပ်နှံမှုများ အစုလိုက်အပြုံလိုက် ရုပ်သိမ်းခဲ့ခြင်းကြောင့် အနောက်နိုင်ငံပိုင်ကော်ပိုရေးရှင်းကြီးများ မြန်မာ့စျေးကွက်နှင့် ပတ်သက်နေမှုနှင့် စစ်ကောင်စီ၏ ဝင်ငွေစီးဆင်းမှုလမ်းကြောင်းများကို လျော့နည်းသွားစေခဲ့သော်လည်း၊ သယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် ဝင်ငွေစီးဆင်းမှုများသည် များသောအားဖြင့် ကျန်ရှိနေသော မိတ်ဖက်များထံသို့လွှဲပြောင်း ရောက်ရှိသွားခြင်း သို့မဟုတ် MOGE ၏ ရှယ်ယာပိုင်ဆိုင်မှု ပိုမိုများပြားလာခြင်းတို့ကြောင့်၊ ရင်းနှီးမြှုပ်နှံမှုရုပ်သိမ်းခြင်းသည် စစ်တပ်ထံ စီးဝင်နေသောဝင်ငွေကို လုံလောက်စွာ လျှော့ချနိုင်ခြင်း ရှိ၊ မရှိ ဆိုသည်မှာ စိုးရိမ်ဖွယ်ရာ မေးခွန်းထုတ်စရာဖြစ်လာခဲ့သည်။

# ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍအပေါ် ပစ်မှတ်ထားသည့် အဓိကပိတ်ဆို့အရေးယူမှုများ (အာဏာသိမ်းပြီးနောက်ပိုင်း)

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) နှင့် ၎င်းနှင့်ဆက်စပ်သော ခေါင်းဆောင်ပိုင်းအပေါ် ပစ်မှတ်ထားသည့် အဓိကပိတ်ဆို့အရေးယူမှုများကို အောက်ပါဇယားဖြင့် အနှစ်ချုပ်ဖော်ပြထားပါသည် –

| နိုင်ငံ/ အဖွဲ့အစည်း | အဓိက ပိတ်ဆို့မှု အရေးယူမှု | ဖော်ပြချက် | နေ့စွဲ |
|---|---|---|---|
| အမေရိကန် ပြည်ထောင်စု | MOGE (ဘဏ္ဍာရေး ဝန်ဆောင်မှု ကန့်သတ်ချက်များ) | စစ်ကောင်စီ၏ ဝင်ငွေစီးဆင်းမှုကို အဟန့်အတားဖြစ်စေရန်အတွက် အမေရိကန်နိုင်ငံသားများနှင့် အဖွဲ့အစည်းများအနေဖြင့် MOGE ထံသို့ ဘဏ္ဍာရေး ဝန်ဆောင်မှုများပေးအပ်ခြင်းကို ပိတ်ပင်တားမြစ်သည့် ညွှန်ကြားချက်ကို အမေရိကန်ဘဏ္ဍာရေး ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ | ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် |
| ဥရောပသမဂ္ဂ (EU) | MOGE | စစ်တပ်အတွက် အဓိကကျသော သယံဇာတ အရင်းအမြစ်များပံ့ပိုးပေးနေသည့် အဖွဲ့အစည်း အဖြစ် MOGE ကို သတ်မှတ်ကာ ပိတ်ဆို့အရေးယူမှု စာရင်းတွင် ထည့်သွင်းခဲ့ပြီး၊ EU အဖွဲ့ဝင်များ အနေဖြင့် ၎င်းနှင့် ဆက်ဆံဆောင်ရွက်ခြင်းကို ကန့်သတ်ခဲ့သည်။ | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် |
| ဆွစ်ဇာလန် | MOGE | ဆွစ်ဇာလန်နိုင်ငံသည် EU ၏ ပိတ်ဆို့အရေးယူမှုများကို အကောင်အထည် ဖော်ဆောင်ရွက်သည့် အစိတ်အပိုင်းတစ်ရပ်အနေဖြင့် Embargo Act မှ တစ်ဆင့် MOGE အပေါ် ပိတ်ဆို့အရေးယူမှုများကို နိုင်ငံတော်ဥပဒေအတွင်းသို့ ထည့်သွင်းပြဌာန်းခဲ့သည်။ | ၂၀၂၅ ခုနှစ်၊ မတ်လ |

## MOGE ထိပ်တန်းခေါင်းဆောင်ပိုင်းအား ပိတ်ဆို့အရေးယူမှု (အမေရိကန်)

အဖွဲ့အစည်းအလိုက် ပိတ်ဆို့အရေးယူမှုများအပြင်၊ စစ်အစိုးရအပေါ် ပိုမိုကျယ်ပြန့်စွာ အရေးယူဆောင်ရွက်သည့် အစိတ်အပိုင်းတစ်ရပ်အနေဖြင့် MOGE ၏ အမှုဆောင်အရာရှိအချို့ကိုလည်း အမေရိကန်ပြည်ထောင်စုက လူပုဂ္ဂိုလ်အလိုက် ပိတ်ဆို့အရေးယူခဲ့ရာ၊ ယင်းသို့ အရေးယူခံရသူများတွင် စွမ်းအင်ဝန်ကြီး ဦးမျိုးမြင့်ဦး၊ အထွေထွေမန်နေဂျာများဖြစ်ကြသော ဦးအောင်မင်းနှင့် ဦးသန်းမင်းတို့ ပါဝင်ပြီး၊ ၎င်းမှာ အဓိကဆုံးဖြတ်ချက်ချမှတ်သူများကို ဦးတည်၍ ပစ်မှတ်ထားဖိအားပေးခြင်းပင်ဖြစ်သည်။

# အကြံပြုချက်များ

သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် အောက်ပါအရေးယူဆောင်ရွက်မှုများကို အရေးပေါ်ဆောင်ရွက်ကြရန်တိုက်တွန်းအပ်ပါသည် –

## PTT နှင့် PTTEP ထံသို့ –

- MOGE ထံသို့ ပေးချေမှုများအားလုံးကို ချက်ချင်းရပ်ဆိုင်းရန်နှင့် ရရှိလာသော ဝင်ငွေများကို စစ်ကောင်စီက လက်လှမ်းမမီနိုင်သော escrow အကောင့်အတွင်းသို့ ထည့်သွင်းထားရန်၊ ထိုနည်းဖြင့် ဓာတ်ငွေ့ရောင်းရငွေများသည် မြန်မာပြည်သူများအတွက်သာ အမှန်တကယ် အကျိုးပြုစေရန်သေ ချာစေရမည်။

- MOGE နှင့် စီမံကိန်းအသစ်ဆိုင်ရာ သဘောတူညီချက်များအားလုံးကို မြန်မာနိုင်ငံတွင် ဒီမိုကရေစီနည်းလမ်းဖြင့် ရွေးကောက်တင်မြှောက်ထားသော အရပ်သားအစိုးရ ပြန်လည်ပေါ်ထွန်းလာသည်အထိရပ်ဆိုင်းထားရန်။

## ထိုင်းတော်ဝင် အစိုးရ ထံသို့ –

- PTT ၏ အဓိကရှယ်ယာရှင်အဖြစ် မိမိတို့၏လုပ်ပိုင်ခွင့်ကိုအသုံးပြု၍ ကုမ္ပဏီသည် နိုင်ငံတကာ ပိတ်ဆို့အရေးယူမှုနှင့် လူ့အခွင့်အရေးစံချိန်စံနှုန်းများကို လေးစားလိုက်နာကြောင်း သေချာစေရန် လုပ်ဆောင်ရန်။

## ထိုင်းဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ထိုင်းဗဟိုဘဏ် ထံသို့ –

- မြန်မာစစ်တပ်ထံသို့ စာချုပ်ပါငွေပေးချေမှုများကို အဆင်ပြေချောမွေ့စေသည့် နိုင်ငံခြားငွေလဲလှယ်မှုများ၊ အထူးသဖြင့် အမေရိကန်ဒေါ်လာမှ ထိုင်းဘတ်ငွေသို့ လဲလှယ်ခြင်းကို ချက်ချင်းစုံစမ်းစစ်ဆေးပြီး ရပ်ဆိုင်းရန်နှင့် ၎င်းသည် နိုင်ငံတကာမှရရှိသော ဝင်ငွေများကို စစ်ကောင်စီက လက်လှမ်းမီနိုင်သော ရန်ပုံငွေများအဖြစ် ပြောင်းလဲပေးသည့် အရေးပါသော နည်းလမ်းဖြစ်ပြီး၊ စစ်ကောင်စီအတွက် လက်နက်များဝယ်ယူရန်နှင့် အရပ်သားပြည်သူများအပေါ် စစ်မက်ဆင်နွှဲရန် တိုက်ရိုက်လမ်းဖွင့်ပေးနေခြင်းဖြစ်သည်။

• • • • •

Tanintharyi Coalition Resource Watch
TCResource.watch@protonmail.com

Tanintharyi Coalition Resource Watch